www.burmeseclassic

အောင်ခင်စိုး

ဟိန်းဝေတောက်လွှမ်း စာပေ

# ကျေးဇူးသိတတ်သော သူရဲကောင်း နှင့် အခြားပုံပြင်များ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးသိတတ်သော သူ့ရဲကောင်း
# နှင့်
# အလိမ္မာပုံပြင်များ

အောင်လင်မျိုး

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊
အုပ်ရေ (၅၀၀)၊ တန်ဖိုး -ကျပ်

စီစဉ်သူ ➢ ကိုခင်သောင်း
မျက်နှာဖုံး ➢ ကိုမျိုးဟိန်းထွဋ်
ကွန်ပျူတာစာစီ ➢ ကိုမျိုးဟိန်းထွဋ်
ထုတ်ဝေသူ ➢ သင်းစာပေ မြဲ (၀၄၂၃၂)
အမှတ်(၁၀)၊ ရတနာမြိုင်လမ်း
လှည်းတန်း၊ ရန်ကုန်
မျက်နှာဖုံးနှင့် ➢ ကိုခင်သောင်း မြဲ (၁၀၄၀၃)
အတွင်းပုံနှိပ်သူ (ဟိန်းတောက်ထွန်းပုံနှိပ်တိုက်)
အမှတ်(၉)၊ ရန်ပြေ -၂၂လမ်း
၃-ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၃၀၃၇၁၀၂။
ဖြန့်ချိရေး ➢ ဟိန်းတောက်ထွန်းစာပေ
အမှတ်(၉)၊ ရန်ပြေ -၂၂လမ်း(အရှေ့)၊
၃-ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၃၀၃၇၁၀၂။

**ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း (CIP)**

အောင်ခင်စိုး 398.2
**ကျေးဇူးသိတတ်သော သူရဲကောင်း နှင့် အလိမ္မာပုံပြင်များ**
သင်းစာပေ၊ ၂၀၁၃၊ ရန်ကုန်။
၁၈၀-စာ၊ ၁၂×၁၈ စင်တီ။
၁။ **ကျေးဇူးသိတတ်သော သူရဲကောင်း နှင့် အလိမ္မာပုံပြင်များ**

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


၁။ နိုးသားကြီးနှင့် သူကြွယ်သမီး

၂။ မဆင်မခြင် ပုဏ္ဏားလုလင်

၃။ နတ်သမီးလိုချင် သေပွဲဝင်

၄။ ပညာရှိအမတ်ကြီးနှင့် မိဖုရားသုံးပါး

၅။ သူကြွယ်ကြီးသမီးနှင့် ဉာဏ်သုံးဦး

၆။ ပညာရှိအမတ်ပုဏ္ဏားကြီးနှင့် လုလင်သုံးယောက်

၇။ ကျေးငှက်သိတတ်သော သူရဲကောင်း

၈။ ယောက်ျားနှင့်မိန်းမပဟေဠိ

၉။ ပဒုမ္မဒေဝီ

၁၀။ ပညာရှိအမတ်ကြီးနှင့် ပုဏ္ဏားလုလင်သုံးဦး


www.burmeseclassic.com

www.burmeseclassic.com

# ခိုးသားကြီး
# နှင့်
# သူကြွယ်သမီး



www.burmeseclassic.com

www.burmeseclassic.com

# ခိုးသားကြီးနှင့် သူကြွယ်သမီး

ရှေးလွန်လေပြီးသောအခါက တိုင်းပြည်တစ်ပြည်တွင် ခိုးသားကြီးတစ်ယောက် ရှိလေသည်။ ထိုခိုးသားသည် နန်းတော်တွင်းမှအစ မှူးကြီးမတ်ရာ သေနာပတိ၊ သူဌေးသူကြွယ်များအဆုံး ချမ်းသာကြွယ်ဝသည့်အိမ်မှန်သမျှတို့မှ အဖိုးတန်ပစ္စည်းများကို ခိုးယူလေ့ရှိ၏။

တစ်ခါတစ်ရံတွင်မူ ဥစ္စာပစ္စည်း ရတနာရွှေငွေများကို သာမက မိန်းမငယ်၊ မိန်းမလတ်၊ ကျေးကျွန်များကိုပါ ခြိမ်းခြောက်၍ အပါခေါ်ယူသွားတတ်လေသည်။

သို့သော် ဘုရင်မင်းမြတ်နှင့်တကွ ဗိုလ်မင်း၊ တပ်မင်း၊

ဟိန်းတောက်ထွန်း စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရဲမက်၊ မြို့ဝန်တို့မှာ ခိုးသားကို အရိပ်အယောင်မျှပင် ခြေရာခံ၍ မရဘဲ ဖြစ်နေကြလေသည်။

ထိုခိုးသားသည် ရသမျှ ပစ္စည်းဥစ္စာ ရတနာ ကျေးကျွန်တို့ဖြင့် လူသူမနီးသည့် တောကြီးမျက်မည်းထဲတွင် ရွာတစ်ရွာ တည်ထောင်၍ နေထိုင်လေသည်။

အမတ်ဗိုလ်ပါ ရဲမက် မြို့ဝန်တို့လည်း ခိုးသားကို လုံးဝ မရှာဖွေနိုင်တော့ကြောင်း ဘုရင်မင်းမြတ်အား အသိပေး လျှောက်ထားကြရတော့သည်။

ခိုးသားသည် သေသပ်ပိရိလွန်းသူလည်း ဖြစ်၏။ တစ်ခါ တစ်ရံ ရသေ့သူတော်စင်အသွင်၊ တစ်ခါတစ်ရံ ပုဏ္ဏား ပညာရှိ အသွင်ဖြင့် မြို့တွင်း၊ ရွာတွင်းသို့ ဝင်တတ်လေသည်။

ဘုရင်မင်းမြတ်လည်း ကိုယ်ပျောက်သူခိုးအား ဖမ်းဆီးရန် ကြံစည်ရလေတော့သည်။

အကြံအစည်အတိုင်းပင် သူရဲကောင်းရဲမက် နှစ်ရာခန့်ကို စုစည်းခေါ်ယူပြီးနောက် အချို့ကို ပုဏ္ဏားအသွင်၊ အချို့ကို ရသေ့သူတော်အသွင်၊ အချို့ကို ရဟန်းအသွင် စသည်ဖြင့် ပြောင်းစေ၏။ မိမိကိုယ်တိုင်လည်း တစ်ပြည်တစ်ရွာမှလာသော ကုန်သည်ဟန်ဆောင်ကာ နေ့ညမပြတ် လှည့်လည်၍ ခိုးသူ



www.burmeseclassic.com

www.burmeseclassic.com



အရှာစခန်း ဖွင့်တော်မူ၏။

ခိုးသူလည်း ယခင်ကအတိုင်းပင် အသွင်အမျိုးမျိုး ဆောင်ကာ ရှာကြံခိုးမြဲ ခိုးလေသည်။

ဤသို့ဖြင့် မင်းကြီးသည် တစ်နေ့တွင် မမျှော်လင့်ဘဲ လူတစ်ယောက်ကို သတိထားမိတော်မူလေ၏။

တစ်နေ့ကမူ သည်မျက်နှာနှင့် ရသေ့သူတော်အသွင်။

မနေ့ကလည်း သည်မျက်နှာနှင့်ပင် ပုဏ္ဏားအသွင် ဖြစ်နေပြန်၏။

ယနေ့လည်း သည်မျက်နှာနှင့်ပင် ရဟန်းကြီးအသွင်နှင့် ဖြစ်နေပြန်ပါသည်။

တစ်ပြည်သား ကုန်သည်အသွင် ဟန်ဆောင်ထားသော ဘုရင်မင်းမြတ်သည် ရုပ်သွင်သဏ္ဍာန်အမျိုးမျိုးနှင့် မျက်နှာပိုင်ရှင်အား လှူဖွယ်ပစ္စည်းပေး၍ မိတ်ဖွဲ့လိုက်လေသည်။

''အသင်ရဟန်းသည် ဘယ်အရပ်၊ ဘယ်မှာနေ၍ နေ ထိုင်၍ သီတင်းသုံးဘိသနည်း''

မေးမြန်းလိုက်သည်။

ထိုအခါ ရဟန်းကြီးယောင် ဆောင်ထားသော ခိုးသား က ...

ဟိန်းတောက်ထွန်း စာပေ

www.burmeseclassic.com

www.burmeseclassic.com



''ငါသည် ရဟန်းမဟုတ်သလို လူသာမညလည်း မဟုတ်ဘိ၊ တစ်ပါးပြည်မှ မင်းဖြစ်သည်၊ အလျဉ်းမသင့်၍ ဤသို့ ရဟန်းအသွင်ဆောင်၍ နေခြင်းဖြစ်ဘိသည်။ ငါ့ပြည်ကို လိုက်ခဲ့ပါဘိလော့''

သူ့ပြည်သို့ လိုက်ပါစေရန် ဆွဲဆောင်သိမ်းသွင်းလေသည်။ ဘုရင်မင်းမြတ်သည် ခိုးသား၏အကြောင်းစုံကို သိလိုသဖြင့် စုံစမ်းလေ့လာရန် လိုက်ပါသွား၏။

တစ်ကိုယ်တော် ခိုးသားသည် သူ၏နေရာသို့ ရောက်သောအခါ ကုန်သည်ဟန်ဆောင်ထားသော ဘုရင်မင်းမြတ်အား မွေ့လျော်ဖွယ် အိပ်ရာထက်၌ထား၍ အထူးထူးသော စားသောက်ဖွယ်ရာတို့ဖြင့် ကျွေးမွေးပြုရလေသည်။

ထို့ပြင် ချောမောလှပသော မိန်းမငယ်တစ်ယောက်ကိုပါ ဘုရင်မင်းမြတ်အား ပြုစုရန် ပို့ထားပေး၏။

ထိုမိန်းမငယ်သည် ဘုရင်မင်းမြတ်၏နန်းတွင်းမှ ခြိမ်းခြောက်ခေါ်ယူသွားခြင်းခံရသော မောင်းမငယ်ဖြစ်နေသဖြင့် ဘုရင်မင်းမြတ် ရုပ်ဖျက်ထားသော်လည်း အသံကို မှတ်မိနေပေသည်။ ထို့ကြောင့် ဘုရင်မင်းမြတ်အား ...

''အဘယ်ကြောင့် ခိုးသားနှင့် အဆွေခင်ပွန်းပြုနေဘိ



www.burmeseclassic.com

www.burmeseclassic.com



သနည်း၊ ဤရွာတွင်း၌ အရှင်မင်းကြီး မြင်နေရသော ပစ္စည်းဥစ္စာ မှန်သမျှအားလုံးသည် တိုင်းပြည်မှ ပျောက်ဆုံးသွားသော ပစ္စည်းများပင် ဖြစ်ဘိ၏၊ ခိုးသားနှင့်အတူ အရှင်မင်းကြီး မနေသင့်ပါ၊ ယခုပင် သွားတော်မူပါလော့''

တိုက်တွန်းစကား လျှောက်ထားလေသည်။

ထိုအခါမှပင် ဘုရင်မင်းမြတ်လည်း အကြောင်းစုံကို သိရှိတော်မူပြီး မိမိ၏သူရဲကောင်းရဲမက်များယံ အမြန်ပြန်ခဲ့လေသည်။

နောက်တစ်နေ့နံနက် မိုးလင်းသောအခါ ရဲမက်ဗိုလ်ပါများစွာနှင့် ကိုယ်ပျောက်ခိုးသူအား ဝိုင်း၍ ဖမ်းဆီးလိုက်တော့သည်။

ထို့နောက် စစ်ဆေးမေးမြန်းတော်မူသည်။ ခိုးသူကလည်း ဟုတ်မှန်ကြောင်း ဝန်ခံထွက်ဆိုသည်။ ထို့ကြောင့် တံကျင်လျှို၍ သတ်ရန် အာဏာပါးကွက်သားတို့လက်သို့ အပ်တော်မူလိုက်၏။

တိုင်းပြည်အတွင်း၌ နာမည်ကြီးနေသော တစ်ကိုယ်တော် ခိုးသူဖြစ်၍ စီရင်ရာနေရာသို့ လာရောက်ကြည့်ရှုကြသော လူများဖြင့် စည်ကားနေတော့သည်။

ထိုလူစုဝေးထဲတွင် သူကြွယ်ကြီးတစ်ယောက်၏ သမီးပျို



www.burmeseclassic.com

www.burmeseclassic.com



လည်း ပါဝင်နေသည်။ ခိုးသူသည် လှပချောမောသော သူကြွယ်ကြီးသမီးအား တပ်မက်သောမျက်လုံးဖြင့် စိုက်ကြည့်နေ၏။ အသနားခံသောအမူအရာဖြင့် ဆွဲဆောင်၏။ သူကြွယ်ကြီးသမီးသည်လည်း လျှပ်တစ်ပြက် တွေ့မြင်လိုက်ရသော ခိုးသားအား ချစ်ခင်သနားသွားတော့သည်။

ထို့ကြောင့် ဖခင်သူကြွယ်ကြီးထံ အမြန်ပြန်လာပြီးနောက် ...

''ဤခိုးသူအား သမီး ချစ်ပိုင်ခွင့်မရပါက ရင်ကွဲနာကျပြီးသေရပါလိမ့်မယ် ဖခင်''

ငိုယိုလျက် ပြောလေသည်။

ဖခင်သူကြွယ်ကြီးလည်း သမီးငယ်အား များစွာကရုဏာသက်မိသွားသည်။ ထို့ကြောင့် သမီးစိတ်ဆန္ဒပြည့်စေရန်အတွက် ဘုရင်မင်းမြတ်ထံ ဝင်ရောက်ခစားကာ ...

''မြတ်သောအရှင်မင်းကြီး ... သူသတ်ကုန်းတွင် သတ်အံ့ဆဲဆဲ ခိုးသူအား ကျွန်တော်မျိုး သားသမက်ပြုပါရစေ၊ သို့အတွက် ခိုးသူ၏ကိုယ်အလေးချိန်နှင့် ညီမျှသော ရွှေငွေရတနာများကို အရှင်မင်းကြီး၏ဘဏ္ဍာတော်အဖြစ် ပေးဆပ်ပါရစေဘုရား''

ဟိန်းတောက်ထွန်း စာပေ

www.burmeseclassic.com

www.burmeseclassic.com



လျှောက်ထားလေ၏။

ထိုအခါ ဘုရင်မင်းမြတ်သည် ခိုးသူမှာ သာမည မဟုတ်။ ထီးနန်းကိုပါ ထိပါးနိုင်သူဖြစ်သဖြင့် မိမိကိုယ်တော်တိုင် ရုပ်ဖျက်၍ ခက်ခဲစွာ ဖမ်းဆီထားရသူဖြစ်၍ သူကြွယ်ကြီးအပေါ် အမျက်တော်ပွားလေသည်။

သူကြွယ်ကြီးလည်း မင်းကြီး အမျက်ထွက်မှန်းသိ၍ အပြစ်မပေးမီ ပြန်ပြေးခဲ့ရတော့၏။

ထိုအချိန်မှာပင် ခိုးသူအား အာဏာသားတို့က အဆုံး စီရင်လိုက်ပြီ ဖြစ်သည်။

သူကြွယ်ကြီးသမီးမှာလည်း ခိုးသူအား ချစ်ခင်စွဲလမ်း လွန်း၍ ခိုးသူအား ဖက်၍ ငိုကြွေးရင်း ရင်ကွဲကာ သေဆုံးသွား လေတော့သတည်း။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

# မအဝင်မဖြိုင်
# ပုဏ္ဏားလုလင်



www.burmeseclassic.com

www.burmeseclassic.com

# မဆင်မခြင် ပုဏ္ဏားလုလင်

ရှေးလွန်လေပြီးသောအခါက တိုင်းပြည်တစ်ပြည်၌ ပုဏ္ဏားလုလင် လင်မယားနှစ်ယောက် ရှိလေသည်။

ထိုပုဏ္ဏားလုလင်နှင့် ပုဏ္ဏေးမလေးတို့မှာ အလွန်ပင် အဆင်းလှပ ချောမောကြသည်။

ထို့ကြောင့် မြင်သူတကာတို့က ရှေ့သွားနောက်လိုက် ညီကြပေသည်ဟု ချီးမွမ်းစကား ဆိုကြ၏။

နှစ်ဖက်မိဘများသည်လည်း ချမ်းသာကြွယ်ဝကြသဖြင့် သားနှင့်သမီးတို့ အေးချမ်းစွာနေထိုင်ကြစေရန် ရွာထိပ်ရှိ ရေကန် ကြီးအနီးတွင် သပ်ရပ်ခံ့ညားသော အိမ်တစ်ဆောင်နှင့် ဥယျာဉ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို ဆောက်လုပ်ပေးထားကြ၏။

ပုဏ္ဏားလုလင်နှင့် ပုဏ္ဏေးမလေးတို့သည် တစ်ယောက်နှင့်တစ်ယောက် လွန်စွာမှပင် ချစ်ခင်မြတ်နိုးစွာ ပေါင်းဖက်၍ မိဘများ ဆောက်လုပ်ပေးထားသည့် အိမ်ကြီးနှင့်ဥယျာဉ်မှာပင် ပူပင်သောကရောက်စရာမရှိဘဲ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ကြရသည်။

တစ်နေ့သောအခါတွင် ပုဏ္ဏားလုလင်သည် ကိုယ်လက်သန့်စင်ရန် ရေကန်သို့ ထွက်ခဲ့လေသည်။

ထိုအခိုက် ကောင်းကင်မှ ပန်းရထားဖြင့်ဖြတ်သွားသော နတ်လုလင်တစ်ပါးသည် လေသာပြတင်း၌ရပ်ကာ ဥယျာဉ်အတွင်းသို့ ကြည့်နေသော ပုဏ္ဏေးမလေးအား တွေ့မြင်သွားလေသည်။

နတ်သားလုလင်သည် မြင်လျှင်မြင်ချင်းပင် ပုဏ္ဏေးမလေးကို ချစ်ခင်စွဲလမ်းမိသဖြင့် လျင်မြန်စွာပင် ပန်းရထားထက်သို့ ဆွဲတင်ကာ ခိုးပြေးလေတော့၏။

တစ်ခဏအကြာတွင် ပုဏ္ဏားလုလင်လည်း အိမ်သို့ပြန်ရောက်လာပြီး ဇနီးသည် ပုဏ္ဏေးမလေးအား မတွေ့သောအခါ ဟိုမှ, သည်မှ လိုက်လံရှာဖွေသော်လည်း မတွေ့တော့ပေ။

ဟိန်းတောက်ထွန်း စာပေ

www.burmeseclassic.com

www.burmeseclassic.com



အိမ်တွင်းအိမ်ပြင် ဥယျာဉ်အတွင်း အနှံ့ရှာပြန်သည်။ အရိပ်အယောင်မျှပင် မတွေ့သဖြင့် သူရှူးကြီးတစ်ယောက်ပမာ ငိုမြည်တမ်းတကာ မိဘတို့ထံ ပြေး၍ရှာဖွေပြန်၏။

သို့သော် မတွေ့ရပေ။

နတ်သားလုလင် ခိုးယူသွားခြင်းကို မည်သူမျှ မသိလိုက်၊ မမြင်လိုက်ကြသောကြောင့် ဖြစ်လေသည်။

နှစ်ဖက်မိဘများပါ ဝိုင်းဝန်းရှာဖွေကြသော်လည်း မတွေ့သည့်အဆုံးတွင် ပုဏ္ဏားလုလင်အား ဖျောင်းဖျနားချကြ၏။ သို့သော် မည်သို့မျှ နားချမရဘဲ သူချစ်မြတ်နိုးသော ပုဏ္ဏေးမလေးအား ရှာဖွေရန် စုံနံ့သာမြိုင် ခရီးဆန့်ပါလေတော့၏။

ဤသို့ဖြင့် တစ်တောဝင် တစ်တောင်တက်၊ တစ်မြို့ဝင် တစ်ရွာထွက်၍ ရသေ့ဝတ်အသွင်ဖြင့် ပုဏ္ဏေးမလေးအား ရှာဖွေပါသော်လည်း မတွေ့ပေ။ ပုဏ္ဏားလုလင်လေးမှာသာ စုတ်ပြတ်မွဲတေလာပြီး လူလုံးမလှ တပိန်ပိန် ဟလိမ်လိမ် ဖြစ်လာလေတော့၏။

တစ်နေ့တွင် တစ်ခုသောတိုင်းပြည်သို့ ရောက်သွားပြီး ဇနပုဒ်ရွာကြီးတစ်ရွာမှ ပုဏ္ဏားကြီးတစ်ယောက်သည် ညှိုးနွမ်းပင်ပန်းနေသော ရသေ့အသွင် ပုဏ္ဏားလုလင်လေးအား သနား



www.burmeseclassic.com

www.burmeseclassic.com



ကရုဏာသက်လာသဖြင့် စားကောင်းသောက်ဖွယ်များကို အဝ အလင် ကျွေးမွေးလေသည်။

ထိုသို့ကျွေးမွေးပြီးနောက် လမ်းခရီးတွင် အဆင်သင့် စားသောက်သွားနိုင်ရန်အတွက် စားသောက်ဖွယ်ရာတို့ကို သပိတ် ဖြင့် ထည့်ပေးလိုက်ပြန်၏။

ဤသို့ဖြင့် ရသေ့အသွင် ပုဏ္ဏားလုလင်လေးသည် ချစ် သူပုဏ္ဏေးမလေးအား ရှာဖွေရန် ခရီးဆက်ခဲ့ပြန်ပါသည်။

တောလမ်းတစ်နေရာသို့ရောက်သောအခါ မောပန်းနွမ်း နယ်လွန်းသဖြင့် အရိပ်အာဝါသကောင်းသော သဖန်းပင်ရင်း၌ ဝင်ထိုင်လိုက်၏။

ထို့နောက် အသင့်တွေ့ရသော မလှမ်းမကမ်းမှ ရေကန် သို့သွား၍ ကိုယ်လက်သန့်စင်လိုက်လေသည်။

ထိုအချိန်တွင် ရသေ့အသွင် ပုဏ္ဏားလုလင်လေး၏ သပိတ်အတွင်းမှ စားသောက်ဖွယ်ရာများကို ထိုးသုတ်စား သောက်ရန် စောင့်ဆိုင်းနေသော ကျီးငှက်တစ်ကောင်သည် သဖန်းပင်ထက်တွင် ရှိနေပေသည်။

ထိုကျီးငှက်ကို သဖန်းပင်၏ခွဆုံအကွေးမှ မြွေဟောက် က ပေါက်ချလိုက်တော့၏။ ကျီးငှက်လည်း သေဆုံးပြီး သပိတ်



www.burmeseclassic.com

www.burmeseclassic.com



အနီးသို့ ကျသွားတော့သည်။

ဤသို့ မြွေဟောက်သည် ကျီးငှက်ကို ပေါက်သတ်လိုက်ရာ၌ ဒေါသပြင်းလွန်းသဖြင့် အဆိပ်ရည်များ လျှံကာ သစ်ပင်အောက်ရှိ သပိတ်အတွင်းမှ စားသောက်ဖွယ်ရာများအပေါ်သို့ နေရာအနှံ့ ကျကုန်လေတော့၏။

ရသေ့အသွင်ဖုဏ္ဏားလုလင်သည် ကိုယ်လက်သန့်စင်ပြီး ရေကန်မှ တက်လာပြီး သဖန်းပင်ရင်းသို့ ပြန်လာခဲ့၏။

သဖန်းပင်ရင်းရှိ မိမိ၏ ထမင်းသပိတ်အနီးတွင် ကျီးငှက်တစ်ကောင် လတ်လတ်ဆတ်ဆတ် သေဆုံးနေသည်ကို တွေ့ရသော်လည်း မည်သို့မျှ အမှုမထားဘဲ ဆာလောင်မွတ်သိပ်စွာဖြင့် သပိတ်တွင်းမှ စားသောက်ဖွယ်ရာတို့ကို အားပါးတရ စားလေသည်။

ထိုသို့ စားသောက်ပြီး ခဏကြာသောအခါ စားသောက်ဖွယ်ရာတို့ဖြင့် ရောနှောနေသည့် မြွေဆိပ်သင့်ကာ နေရာတွင်ပင် သေဆုံးသွားလေတော့၏။ ထိုသို့ သေဆုံးသွားရခြင်းမှာလည်း ပုဏ္ဏားလုလင်သည် သပိတ်နံဘေးမှ ကျီးငှက်သေကို မြင်သောအခါ တွေးဆ၍ စူးစမ်းဆင်ခြင်သင့်၏။

ဤသို့ ကျီးငှက်သေကိုမြင်ပါလျက် နမော်နမဲ့နှင့် အစား



www.burmeseclassic.com

www.burmeseclassic.com



ကို ခံမင်သောကြောင့် မြွေဆိပ်သင့်ပြီး မသေသင့်ဘဲ သေရခြင်းကို ကလေးတို့ သင်ခန်းစာယူသင့်ပေသတည်း။

အရာရာကို စူးစမ်းလေ့လာပြီးမှ ပြုမူဆောင်ရွက်သင့်အပ်ပေသည်။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

# နတ်သမီးလိုချင်
# မယ်ပွဲဝင်



www.burmeseclassic.com

www.burmeseclassic.com

# နှတ်သမီးလိုချင် သေပွဲဝင်

ရှေးလွန်လေပြီးသောအခါက ရတနာပူရပြည့်ရှင်မင်းသည် ဒေသန္တရဗဟုသုတ ရှာမှီးရန်အလို့ငှာ ခရီးလှည့်လည်လိုသောကြောင့် ယုံကြည်တော်မူမိသော အမတ်ကြီးတစ်ဦးကို နန်းယာယီအုပ်ချုပ်ရန် တာဝန်ပေးအပ်တော်မူခဲ့၏။

ရတနာပူရပြည့်ရှင်မင်းလည်း သုံးနှစ်သုံးမိုးတိုင်အောင် လှည့်လည်သွားလာ၍ နေလေသည်။

ထိုသုံးနှစ်သုံးမိုးအတွင်းကာလများ၌ ထီးနန်းကို ယာယီတာဝန်ယူ အုပ်ချုပ်နေရသော အမတ်ကြီးသည် အုပ်ချုပ်ရေးရာတွင် မကျွမ်းကျင်သဖြင့် အစစအရာရာ အဆင်မပြေဘဲ ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထို့အပြင် အမတ်ကြီးသည် အမတ်အချင်းချင်း၊ စစ်သူကြီးအချင်းချင်းတို့ကို သွေးကွဲအောင်ပြုခြင်း၊ တိုင်းပြည်ပျက်စီးရာ ပျက်စီးကြောင်းကို ညဏ်နီညဏ်နက်ထွင်ကာ ကြံစည်ပြုလုပ်နေခြင်းတို့ကြောင့် တိုင်းသူပြည်သားများ ဆူပူလှုပ်ရှားလာကြတော့သည်။

သို့နှင့်ပင် မင်းကြီး အချိန်မီ ပြန်လည်ရောက်ရှိလာသောအခါ မိမိ၏အပြစ်တို့ကို မင်းကြီး သိမည်၊ မြင်မည်ကို ကြောက်လန့်ကာ မင်းကြီး ရောက်လျှင်ရောက်ချင်း သိန်းခိုကျွန်းသို့ ဘုရားဖူးရန် အကြောင်းပြု၍ ထွက်ခွာသွားလေတော့၏။

လမ်းခရီးတွင် အမတ်ကြီးသည် သူဌေးကြီးတစ်ယောက်ရေနတ်သမီးအား အထူးထူးသောပြုဖွယ်ဖြင့် ပူဇော်ပသနေသည်ကို မြင်တွေ့သွား၏။ ထိုအခါ အမတ်ကြီးသည် ဝမ်းနည်းကြေကွဲစွာ ငိုကြွေးလေတော့၏။

ထိုသို့ အမတ်ကြီးငိုကြွေးရခြင်းကို သူဌေးကြီးက မေးမြန်းလေသည်။ ထိုအခါ အမတ်ကြီးက ...

"အို သူဌေးကြီး ... ကျွန်ုပ်သည် နတ်တို့အား အမျိုးမျိုးအထူးထူး ပူဇော်အမှုကို ပြုခဲ့ဖူးပါသည်၊ ဒါပေမဲ့ မည်သို့မျှ



www.burmeseclassic.com

www.burmeseclassic.com



အကျိုးပြုမြင်း မခံခဲ့ရပါ၊ သို့အတွက် ဝမ်းနည်းပြီး ငိုကြွေးရခြင်းဖြစ်ဘိ၏”

သူဌေးကြီးသည် အမတ်ကြီး၏ဖြေကြားချက်စကားအတွက် မည်သို့မျှ တုံ့ပြန်စကားကိုမဆိုဘဲ . . .

“အဘယ် မည်သို့သွားအံ့နည်း”

ထပ်၍ မေးမြန်းပြန်သည်။ အမတ်ကြီးလည်း သိန်းခိုကျွန်းသို့ သွားမည့်အကြောင်း ဖြေပြန်သည်။

ထိုအခါမှ သူဌေးကြီးက . . .

“အမတ်ကြီး ကျွန်ုပ်လည်း နောက်ငါးရက်မြောက်သောနေ့မှာ သိန်းခိုကျွန်းသို့သွားရန် အစီအစဉ်ရှိဘိ၏။ ထိုရက်ကျမှ ကျွန်ုပ်နှင့် အဖော်လည်းရအောင် အတူသွားကြတာပေါ့”

အမတ်ကြီးလည်း သဘောတူလက်ခံပြီး ထိုရက်ရောက်သောနေ့တွင် သူဌေးကြီး၏သင်္ဘောနှင့် နှစ်ယောက်အတူ သိန်းခိုကျွန်းသို့ ဦးတည်၍ ထွက်ခဲ့ကြလေသည်။

လမ်းခရီးတစ်နေရာသို့အရောက် သမုဒ္ဒရာ၏အလယ်ကျွန်းတစ်ကျွန်းပေါ်မှ ရွှေပင်တစ်ပင်အောက်၌ အလွန်လှပချောမောသည့် နတ်သမီးကလေးကို အမတ်ကြီး တွေ့မြင်လိုက်ရသည်။

ဟိန်းတောက်ထွန်း စာပေ

www.burmeseclassic.com

www.burmeseclassic.com



အမတ်ကြီးသည် မြင်လျှင်မြင်ချင်းပင် စွဲလမ်းချစ်ခင် မြတ်နိုးသွားသဖြင့် မိမိနှင့်တစ်ပါတည်း ခေါ်ယူရန် နတ်သမီးလေး ရှိရာကျွန်းပေါ်ရှိ ရွှေပင်သို့ အပြေးထွက်သွားလေတော့၏။

သူဌေးကြီးမှာ အမတ်ကြီး၏ အပြုအမူကို နားမလည်နိုင်ဘဲ ဖြစ်နေသည်။

နတ်သမီးသည် အမတ်ကြီး မိမိထံ ပြေးလာနေသည်ကို မြင်သောအခါ ရွှေပင်အောက်မှထွက်၍ ရေအောက်သို့ ငုပ်လျှိုး ပျောက်ကွယ်သွားလေတော့၏။

အမတ်ကြီးမှာ ချောမောလှပလွန်းသော နတ်သမီး ကလေးအား အမီလိုက်မရလိုက်သဖြင့် ရွက်သင်္ဘောဆီသို့ ပြန်ခဲ့ရ သော်လည်း စိတ်အာရုံသည် နတ်သမီးကလေးထံ၌သာ ကျန်ခဲ့ ပြီး သူရူးကြီးတစ်ယောက်ပမာ ဖြစ်နေရှာကော့၏။

သိမ်းခိုကျွန်းသို့ ရောက်လာခဲ့သော်လည်း မပျော်ရွှင်နိုင် ဘဲ ဖြစ်နေသည်။ ထို့ကြောင့် ရတနာပူရသို့သာ အမြန်ပြန်ပို့ပေးပါ ရန် သူဌေးကြီးအား တောင်းပန်လေသည်။ သူဌေးကြီးလည်း ပြုဖွယ်ကိစ္စများ ပြီးသည်နှင့် ပြန်ပို့ပေးလိုက်၏။

အမတ်ကြီးသည် ရတနာပူရ မင်းနေပြည်သို့ ပြန်ရောက် လာသောအခါ သိမ်းခိုကျွန်း၌ တွေ့မြင်ခဲ့ရသမျှသော အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



အရာတို့ကို မင်းကြီးက မေးတော်မူလေသည်။

ထိုအခါ အမတ်ကြီးလည်း မိမိ၏ ခရီးအစမှ အဆုံးထိ တွေ့ခဲ့ရ၊ မြင်ခဲ့ရ၊ ကြားခဲ့ရသမျှတို့ကို လျှောက်တင်လိုက်၏။

လမ်းခရီးတွင် ကျွန်းတစ်ကျွန်းပေါ်မှ အလှနတ်ဖုရားမ ကလေးအကြောင်းကို ပို၍ အသေးစိတ်လျှောက်တင်၏။

ဤသို့လျှင် ဒေဝီနတ်ဖုရားမလေး၏အကြောင်းကို အမတ်ကြီးထံမှ ကြားတော်မူသောအခါ မင်းကြီးမှာ နတ်သမီး ကလေးအား မမြင်ဖူးသေးသော်လည်း ချစ်ခင်စွဲလမ်းသွားလေ တော့သည်။ ယခုပင် နတ်သမီးကလေးရှိရာသို့သွားရန် ရွက် သင်္ဘောတော်ကို စီရင်လေတော့၏။

ထိုသို့ စီရင်ပြီး ထွက်လာခဲ့ရာ မကြာမီပင် အမတ်ကြီး ပြောသော သမုဒ္ဒရာအလယ် နတ်သမီးကလေးရှိရာ ကျွန်းဆီသို့ ရောက်လာတော့၏။

မင်းကြီးသည် အမတ်ကြီးပြောပြသည့် ကျွန်းပေါ်မှ ရွှေ ပင်ဆီသို့ မျှော်ကြည့်လိုက်ရာ တစ်သက်တွင် တစ်ခါဖူးမျှပင် မမြင်ဖူးသည့် အလှပိုင်ရှင် နတ်သမီးကလေးအား မြင်တွေ့လိုက် ရသည်။

ထို့နောက် အမတ်ကြီးနည်းတူပင် အလှနတ်သမီးမလေး



www.burmeseclassic.com

www.burmeseclassic.com


အား မိမိနှင့် တစ်ပါတည်း ခေါ်ယူတော်မူသွားရန်အတွက် ကျွန်းပေါ်သို့ အလျင်အမြန် တက်သွားလိုက်၏။

နတ်သမီးလည်း မင်းကြီးအား မြင်သည်နှင့် ရေအောက်သို့ ငုပ်လျှိုးသွားတော့၏။

ထိုအခါ မင်းကြီးက ...

"ငါသည် နတ်သမီးကလေးအား မမြင်ရခင်ကပင် ချစ်ခင်မြတ်နိုး စွဲလမ်းမိခဲ့၏၊ ယခု မျက်မြင်တွေ့ရပြီ ဖြစ်သည်၊ သူ့အလှမှာ အမတ်ကြီးပြောသည်ထက်ပင် နှစ်ဆပို၍ ငါ့စိတ်အာရုံတွင် စွဲမိသည်က ခက်ချေပြီ၊ မရလျှင် မနေနိုင်တော့၊ ဖြစ်ချင်ရာ ဖြစ်စေတော့၊ ရေသို့ လိုက်တော့မည်"

စဉ်းစားဆုံးဖြတ်ပြီး သန်လျက်ကိုကိုင်ကာ နတ်သမီးကလေး ငုပ်လျှိုးသွားရာ ရေအောက်သို့ လိုက်လေတော့၏။

မင်းကြီးလိုက်လာကြောင်း နတ်သမီးသိသောအခါ နောက်သို့လှည့်၍ ...

"အသင် မည်သူနည်း"

မေးလေသည်။

ထိုအခါ မင်းကြီးက ...

"ငါသည် လူသာမညမဟုတ်ဘဲ ရတနာပူရပြည့်ရှင်မင်း


www.burmeseclassic.com

www.burmeseclassic.com


ပင် ဖြစ်တော့သည်၊ အသင်နတ်သမီးအား ချစ်ခင်မြတ်နိုးမိ၍ မင်းစည်းစိမ်ကိုပင် စွန့်ပြီး သင်နှင့်အတူနေရန် ဤသမုဒ္ဒရာအောက်သို့တိုင် လိုက်ခဲ့ရဘိ၏''

ပြောလိုက်သည်။

ထိုအခါ နတ်သမီးက ...

''အသင်မင်းကြီး ... ဤသို့ဆိုလျှင် ကျွန်ုပ်အား ချစ်မြတ်နိုးပါက ခွင့်ပြုချက်တစ်ခု ပေးဘိလော့၊ ဤသည်မှာ အသင်မင်းကြီးနှင့်ကျွန်ုပ် အတူပေါင်းဖက်နေစဉ်ကာလမှစ၍ တစ်လလျှင်တစ်ကြိမ် လဆုတ်လေးရက်နေ့ညတိုင်း ကျွန်ုပ်သွားလိုရာကို သွားခွင့်ပြုရန် ဖြစ်ဘိ၏''

ခွင့်တောင်းလေသည်။

မင်းကြီးလည်း မိမိချစ်မြတ်နိုးခွင့်ရလျှင် ပြီးရောဆိုသည့် သဘောနှင့်ခွင့်ပြုပါမည်ဟု ကတိပေးပြီး လုနတ်ဒေဝီကလေးနှင့် အတူ ရေအောက်နန်းတော်၌ ပျော်ရွှင်စွာ ပေါင်းဖက်နေထိုင်ကြလေသည်။

ဤသို့ဖြင့် ရေအောက်နန်းတော်တွင် နေထိုင်လာခဲ့ကြရာမှ နတ်သမီးကလေးသည် လဆုတ်လေးရက်နေ့ ညတိုင်း ပျောက်ပျောက်သွားရခြင်း၏အကြောင်းကိစ္စကို ကြာလာသောအခါ မင်း


www.burmeseclassic.com

www.burmeseclassic.com


ကြီးသည် သိချင်လာသဖြင့် တစ်ခုသော လဆုတ်လေးရက်နေ့ညဥ့် နတ်သမီးကလေး ထွက်လာသည်နှင့် နောက်မှ တိတ်တဆိတ် လိုက်ပါသွားလေသည်။

တစ်နေရာသို့ရောက်သောအခါ နတ်ဘီလူးကြီးတစ်ကောင် ရုတ်တရက် ပေါ်လာပြီး နတ်သမီးကလေးအား ဖမ်းယူကာ ပါးစပ်မှ ဝါးမျိုလိုက်တော့၏။

ထိုအဖြစ်အပျက်ကို မြင်နေရသော မင်းကြီးသည် များစွာ တုန်လှုပ်ချောက်ချားသွားတော့သည်။ သို့သော် ချက်ချင်းပင် တုန်ယင်သောစိတ်ကို ထိန်းချုပ်လိုက်ပြီးနောက် ...

"ငါသည် နတ်သမီးကလေးအား များစွာချစ်မြတ်နိုးဘိသည်၊ များစွာ တွယ်တာဘိ၏၊ ငါ၏ နန်းစည်းစိမ်အပေါ်တွင် တွယ်တာခြင်းထက် ပိုဘိ၏၊ ဒါကြောင့် အရာခပ်သိမ်းကို စွန့်ပစ်ခဲ့ပေပြီ၊ ယခုမှတော့ မထူးပြီ၊ နတ်သမီးကလေးအတွက်ဆိုလျှင် အသက်ကိုပင် စွန့်ဝံ့၏"

မာန်တင်းဆုံးဖြတ်ပြီးနောက် အသင့်ပါလာသော သန်လျက်ဖြင့် နတ်ဘီလူးကြီး၏လည်ကို ဖြတ်ပစ်လိုက်လေတော့၏။ ထို့နောက် နတ်ဘီလူးကြီး၏ရင်ကို ခွဲချလိုက်ပြီး ချစ်ရလွန်းသော အလှနတ်ဒေဝီကလေးကို အသာအယာ ပွေ့ယူလိုက်ရာ အသက်


www.burmeseclassic.com

www.burmeseclassic.com



ရှင်လျက်ရှိသည့်ကို တွေ့လိုက်ရသဖြင့် ဝမ်းသာသွားလေသည်။

သို့သော် နတ်သမီးကလေးက ...

"အရှင်မင်းကြီး ကျွန်ုပ်သည့် ဖခင်နတ်မင်းကြီးရဲ့ကျိန်စာကြောင့် လဆုတ်လေးရက်နေ့ညရောက်တိုင်း ဤကဲ့သို့ နတ်ဘီလူး မျိုးခြင်းကို ခံရဘိ၏၊ နံနက်လင်းသောအခါမှသာ နတ်ဘီလူး၏စအိုမှ အရှင်ပြန်ကျလာရပါ၏၊ ဖခင်နတ်မင်းကြီးရဲ့ ကျိန်ဆိုချက်မှာ ...

"ဤသို့ လဆုတ်လေးရက်နေ့ညတိုင်း၌ နှစ်နှစ်တိုင်အောင် ငရဲခံပြီးမှ ရတနာပူရပြည့်ရှင်မင်းသည် သင့်လင်ဖြစ်လိမ့်မယ်၊ ထိုမင်းက နတ်ဘီလူးလည်ကို ဖြတ်ပြီးမှ ဤကျိန်စာက လွတ်မည်လို့ ဆိုထားဘိ၏၊ ဒါကြောင့် ယနေ့တွင် ကျွန်ုပ်သည် ဖခင်နတ်မင်းကြီး၏ ကျိန်စာမှ လွတ်မြောက်ပါပြီ၊ ဖခင်နတ်မင်းကြီးထံသို့ ကျွန်ုပ်ပြန်ရတော့မည်၊ အရှင်မင်းကြီးလည်း လာရာလမ်းအတိုင်း ပြန်ဘိလော့"

နတ်သမီးသည် မင်းကြီးအား ပြောဆိုပြီး တစ်ခဏအတွင်းမှာပင် ပျောက်ကွယ်သွားလေတော့၏။ မင်းကြီးလည်း နတ်သမီးကလေး မရှိတော့သဖြင့် ရေအောက်နန်းတော်၌ ဆက်နေ၍လည်း အကြောင်းမထူးတော့ပြီဖြစ်သဖြင့် ရေပေါ်သို့ ပြန်



www.burmeseclassic.com

www.burmeseclassic.com



တက်ကာ သဘော်ရှိရာသို့သွားရန် ဆုံးဖြတ်လိုက်လေသည်။

သဘော်ပေါ်မှ အမတ်ကြီးနှင့်တကွ နောက်ပါဗိုလ်ပါ အခြွေအရံတို့သည် နတ်သမီးကလေးနောက် ရေအောက်သို့ ငုပ်လျှိုးလိုက်ပါသွားသော မင်းကြီးပြန်မလာသည်မှာ နှစ်အတန် ကြာပြီဖြစ်သော်လည်း စောင့်ဆိုင်းနေကြဆဲဖြစ်သည်။

ထိုအခိုက် နတ်သမီးလေး ပါမလာဘဲ သန်လျက်ကို ကိုင်၍ ရေပေါ်သို့ ဘွားခနဲပေါ်လာသော မင်းကြီးအား အမတ်ကြီး မြင်လေသည်။ သို့နှင့် ဗိုလ်မင်းတပ်မင်းများ အကူအညီဖြင့် မင်းကြီးအား သဘော်ပေါ်သို့ ဆွဲတင်လိုက်ကြ၏။

မင်းကြီး သဘော်ပေါ် ပြန်ရောက်သောအခါ နတ်သမီး ကလေး၏အဖြစ်အပျက်ကို ပြောပြရာ အမတ်ကြီးသည် ပင်လယ် ထဲသို့ ခုန်ချ၍ မိမိကိုယ်မိမိ သတ်သေလိုက်လေတော့သတည်း။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

# ပညာရှိအမတ်ကြီး
# နှင့်
# မိဖုရားသုံးပါး



www.burmeseclassic.com

www.burmeseclassic.com

## ပညာရှိအမတ်ကြီးနှင့် မိဖုရားသုံးပါး

ရှေးလွန်လေပြီးသောအခါက သုဝဏ္ဏပြည်တွင် ဓမ္မဥရု မင်း စိုးစံလေသည်။ ထိုမင်းတွင် ကောင်းခြင်းငါးဖြာ ကြွန်အင် လက္ခဏာတို့နှင့် ပြည့်စုံပြီး ကိန္နရီနတ်မယ်တမျှ အလွန်လှပ ချောမွေ့သည့် မိဖုရားသုံးပါး ရှိလေသည်။

ထိုမိဖုရားသုံးပါးစလုံးသည် လွန်စွာမှပင် နုနယ်လွန်း၍ နူးညံ့သိမ်မွေ့ကြလေသည်။

တစ်နေ့သောအခါ မင်းကြီးသည် မိဖုရားတစ်ပါးထံသို့ အဆောင်တော်ကူးရာ၌ ကြာညိုပန်းကို နားတစ်ဖက်တွင် ဆင် မြန်း ပန်ဆင်၍ သွားတော်မူလေသည်။ မိဖုရားအား ရန့်သင်းထုံ



www.burmeseclassic.com

www.burmeseclassic.com



သော ကြာညိုပန်းရနံ့တွင် မွေ့လျော်စေလိုသောကြောင့်ဖြစ်၏။

သို့သော် နုနယ်သိမ်မွေ့လွန်းသော မိဖုရားကြီးမှာ မင်းကြီးထံမှ ကြာညိုပန်းရနံ့ လွှမ်းသည်နှင့် မူးမေ့၍သွားလေတော့၏။ မင်းကြီးလည်း နန်းတွင်းသမားတော်များကို ခေါ်ယူကုသစေရတော့သည်။

ဤသို့ဖြင့် မကြာမီမှာပင် ဓမ္မဥရုမင်းသည် တစ်ပါးသော မိဖုရားနှင့်အတူ ဥယျာဉ်တော်သို့ ထွက်တော်မူခဲ့၏။

ဥယျာဉ်တော်အတွင်းသို့ မင်း မိဖုရားနှစ်ပါးတို့ ထွက်သောအခါ နေရောင်တွင် သလင်းကျောက်အရောင်သည် တဖျပ်ဖျပ်နှင့် တောက်ပနေလေသည်။

ထိုသို့ တဖျပ်ဖျပ်နှင့် တောက်ပနေသော သလင်းကျောက်အရောင်သည် မိဖုရားအား ရောင်ပြန်ဟပ်မိသွားသဖြင့် မိဖုရားမှာ နေရောင်တွင်ပင် မူးမေ့သွားလေတော့၏။ မင်းကြီးလည်း နန်းတော်တွင်းသို့ အမြန်ဆုံး သယ်ယူစေပြီး သမားတော်များနှင့် ဆေးဝါးကုသရပြန်၏။

တစ်ညသော လပြည့်ည သန်းခေါင်ယံအချိန်တွင် ဖြစ်၏။ မင်းကြီးသည် မိဖုရားငယ်တစ်ပါးနှင့်အတူ စံနေခိုက်မှာပင် လေသာပြတင်းကို အမှတ်မထင် ဖွင့်တော်မူလိုက်လေသည်။

ဟိန်းတောက်ထွန်း စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ လရောင်သည် ပြတင်းပေါက်မှတစ်ဆင့် ခန်းသန္တာနန်းဆောင်တွင်းသို့ ထိုးဖောက်ဝင်ရောက်လာလေ၏။ ဤသို့ဝင်ရောက်လာသော လရောင်သည် နုနယ်သိမ်မွေ့လွန်းသော မိဖုရားငယ်အား လွှမ်းခြုံမိသောကာလမှာပင် မိဖုရားငယ်သည် လရောင်ထိကာမျှနှင့် မူးမေ့၍ လဲကျသွားလေတော့၏။

မင်းကြီးလည်း သမားတော်များကို ခေါ်ရပြန်၏။

မင်းကြီးမှာ . . .

* ကြာညိုပန်းရနံ့ကြောင့် မိန်းမောသွားသော မိဖုရား။
* သလင်းကျောက် ရောင်ပြန်ဟပ်၍ မူးမေ့သွားသော မိဖုရား။
* လရောင်ကြောင့် မူးမေ့သွားသော မိဖုရား သုံးပါး ရှိတော်မူ၏။

ထိုမိဖုရားသုံးပါးတွင် မည်သူသည် ပို၍နုနယ် နူးညံ့သိမ်မွေ့လွန်းသူဖြစ်သည်ကို ဝေခွဲမရ ဖြစ်နေတော်မူ၏။

ထို့ကြောင့် နောက်တစ်နေ့ညီလာခံအပြီးတွင် ပညာရှိအမတ်ကြီးအား ဆုံးဖြတ်စေတော်မူလေသည်။

ထိုအခါ ပညာရှိအမတ်ကြီးက . . .

''အို အရှင်မင်းမြတ် . . . ကျောက်သလင်း ရောင်ပြန်



www.burmeseclassic.com

www.burmeseclassic.com



ဟပ်သော၁ဒဏ်ကြောင့် မေ့မြောသွားသောမိဖုရားသည် နေရောင်မှတစ်ဆင့် သလင်းကျောက်မှ အရောင်ဖြာ၍ တဖျပ်ဖျပ်၊ တလက်လက် ဖြာထွက်နေသောကြောင့် နနုယ်သိမ်မွေ့လွန်းသော အရှင့်မိဖုရားမှာ အမြင်ကြောင့် မေ့မြောသွားတော်မူရ၏ ...။

ထိုမှ လရောင်ကြောင့် မေ့မြောသွားရသော အရှင်မင်းကြီး မိဖုရားသည်လည်း ထိုမျှလောက် နူးညံ့သိမ်မွေ့နေရခြင်းမှာ ပြင်ပလောကနှင့် ကင်းကွာပြီး နန်းတော်ဆောင်အတွင်း၌သာ သီးခြားကမ္ဘာအဖြစ်နှင့် နေခြင်းကြောင့်လည်း ဖြစ်ပါသည် အရှင်မင်းမြတ်၊ ဤသည်ပင် သဘာဝနှင့်ထိတွေ့မှုနည်းပါးနေဘိ၏။ ယခုလို ရုတ်တရက် လရောင်ထိပြီး မူးမေ့သွားခြင်းမှာ လရောင်၏အတွေ့ကြောင့်လို့ ဆိုရပါမည် အရှင်မင်းမြတ် ...။

အို မြတ်သောမင်းကြီး ... အရှင်မင်းကြီး၏ နူးညံ့သိမ်မွေ့နုနယ်လွန်းသော မိဖုရားသုံးပါးတို့ထဲတွင် အနူးညံ့ဆုံး၊ အသိမ်မွေ့ဆုံး၊ အနုနယ်လွန်းဆုံး မိဖုရားမှာ ကြာညိုပန်းရနံ့ကြောင့် မူးမေ့သွားသော မိဖုရားသာလျှင် ဖြစ်တော်မူပါသည် အရှင့်မင်းမြတ်၊ အဘယ်ကြောင့်ဆိုသော် ကြာညိုပန်းရနံ့သည် လွန်စွာမှပင် သင်းပျံ့မွှေးကြိုင်လှပါသည် အရှင်မင်းမြတ်၊ ပုထုဇဉ်လူသားတိုင်း နှစ်သက်မက်မောကြဘိ၏ ...။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ သင်းပျံ့ကြိုင်လှိုင်သော ကြာညိုပန်းရနံ့ထိသည်ကိုပင် မေ့မြောသွားသောကြောင့် ရနံ့ကြောင့် မူးမေ့သွားသော မိဖုရားကြီးသည်သာလျှင် သာ၍ နူးညံ့သိမ်မွေ့ နုနယ်လွန်းသူဖြစ်ပါသည် အရှင်မင်းမြတ်''

ပညာရှိအမတ်ကြီးသည် ဤသို့ ရှင်းလင်းလျှောက်ထားဆုံးဖြတ်ပေးလိုက်လေသတည်း။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

# သူကြွယ်ကြီးသမီး
# နှင့်
# ယောကျ်ားသုံးဦး



www.burmeseclassic.com

www.burmeseclassic.com

## သူကြွယ်ကြီးသမီးနှင့် ဤသုံးဦး

ရှေးအခါက တိုင်းပြည်တစ်ပြည်တွင် သူကြွယ်ကြီးတစ်ယောက် ရှိလေသည်။

ထိုသူကြွယ်ကြီး၌ အဆင်းရူပကာလှပသော သမီးတစ်ယောက်လည်း ရှိသည်။ သမီးငယ်သည် တစ်ဆယ့်ခုနစ် ရွှေရင်သိမ်းသစ်အရွယ်ဖြစ်၍ သူကြွယ်ကြီးမှာ သမီးပျို၏နောင်ရေးကို စိတ်အေးစေရန် သားကြီးအား ခေါ်ယူပြီး သမီးပျို၏အိမ်ထောင်ဖက်အရေးကို ဆွေးနွေးတိုင်ပင်ကြလေသည်။

ထိုသို့ သားအဖနှစ်ယောက် တိုင်ပင်ပြီးနောက် ညီမအတွက် ကြင်ဖက်ရှာရန် အစ်ကိုဖြစ်သူမှာ ခရီးထွက်ခဲ့သည်။

ဟိန်းတောက်ထွန်း စာပေ

www.burmeseclassic.com

www.burmeseclassic.com



တိုင်းပြည်တစ်ပြည်သို့ရောက်သောအခါ ညီမငယ်နှင့် ရှေ့သွားနောက်လိုက်ညီမည့် ကုန်သည်ကြီးတစ်ဦး၏သားနှင့် တွေ့ဆုံခဲ့လေသည်။ ပြီးမှ ဖခင်ကုန်သည်ကြီးနှင့် တွေ့ဆုံကြပြန်ရာ သတို့သားဖခင်လည်း သဘောမျှကြလေသည်။ မင်္ဂလာရက်ကိုပင် သတ်မှတ်လိုက်ကြသည်။ အစ်ကိုဖြစ်သူလည်း ခရီးဆက်စရာရှိနေသဖြင့် အတူပါလာသော အမှုလုပ်လုလင်အား ဖခင်သူကြွယ်ကြီးထံ ပြန်လည်စေလွှတ်ပြီး သတင်းစကား အပါးခိုင်းလိုက်သည်။

ဤမည်သောမြို့မှ ကုန်သည်ကြီး၏သား၊ ဤမည်သောသူနှင့် သဘောတူညီ စေ့စပ်ပြီးပါပြီ၊ နွေဦးပေါက်ရာသီတွင် လာရောက်တောင်းယူပါလိမ့်မည်ဟု မှာကြားပြောဆိုလိုက်လေသည်။

ထိုရက်အတွင်း ကုန်သည်ကြီးသားနှင့် အမည်တူသော လုလင်ပျိုတစ်ဦး သူကြွယ်ကြီးထံ ရောက်လာလေသည်။ သူကြွယ်ကြီးအား သမီးပျိုနှင့် မိမိအား ပေးစားပါရန် တောင်းဆိုလေ၏။ ထိုအခါ သူကြွယ်ကြီးက သားဖြစ်သူ မှာကြားသည့် သတို့သားလောင်းအမည် ဖြစ်နေသဖြင့် ဝမ်းသာစွာဖြင့် သမီးထံ စေလွှတ်လိုက်တော့သည်။

ဟိန်းတောက်ထွန်း စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူကြွယ်ကြီးသမီးမှာ ဖခင်တို့က မိမိအား အကြင် ယောကျ်ားပျိုတစ်ဦးနှင့် ထိမ်းမြားမင်္ဂလာပြုပေးမည်ဟုသာ ကြား သိထားသည်။ မိဘစကား မပယ်ရှားလို၍ ခေါင်းညိတ်ခဲ့၏။ ထိုသူမှာ ဖြူသည်လား၊ မည်းသည်လားဟူ၍ ယနေ့အထိ မသိ မမြင်ဖူးသေးပေ။

ထို့ကြောင့် ရောက်လာသောလုလင်ပျိုအား ဖခင်တို့ ရည်မှန်းထားသူဟု ထင်မှတ်၍ ပျူငှာစွာ ဩခံကြိုဆိုသည်။

ထိုယောကျ်ားလုလင်ပျိုကလည်း သူကြွယ်ကြီးသမီးကို မြင်တွေ့သည်နှင့်ပင် ချစ်လှကြောင်း၊ မြတ်နိုးလှပါကြောင်းကို ကျလာအောင် ပြောလေတော့သည်။ လုလင်ပျို၏ အပြော ကောင်း အဆိုကောင်းသောကြောင့် သူကြွယ်ကြီးသမီးသည် လုလင်ပျိုအပေါ်တွင် မေတ္တာသက်ဝင် ချစ်ခင်မိလေတော့သည်။

လုလင်ပျိုက ...

"အို ချစ်နှမ ... သင့်တွင် ကျွန်ုပ်အလျင် ချစ်ကြင်ရ မည့်သူများ ရှိခဲ့ပါသေးသလော"

မေးသောအခါ သူကြွယ်ကြီးသမီးက ...

"အရှင် မရှိသေးပါ၊ ဖခင်တို့ သဘောတူရည်မှန်းထား သော အရှင့်ကိုသာ ချစ်ဦးသူအဖြစ် တုံ့ပြန်မေတ္တာ ဖြစ်မိပါ၏"

ဟိန်းတောက်ထွန်း စာပေ

www.burmeseclassic.com

www.burmeseclassic.com



လုလင်ပျိုသည် မိမိအား ကုန်သည်ကြီး၏သားဟု ထင်မှတ်နေသော သူကြွယ်ကြီးသမီး၏အဖြစ်ကို ရိပ်မိလိုက်သဖြင့်

"အို ချစ်နှမ . . . ဤသို့ဆိုလျှင် လွဲကြပေပြီ၊ ကျွန်ုပ်သည် သင့်ဖခင်တို့ သဘောတူရည်မှန်းထားသူ မဟုတ်ပါ၊ အမည်တူသူချင်းသာ ဖြစ်ဘိ၏"

ဝမ်းနည်းကြေကွဲစွာ ပြောလေသည်။

ထိုအခါ သူကြွယ်ကြီးသမီးက . . .

"အရှင် . . . သို့ပါမှ ခက်လှဘိသည်၊ ဖခင်တို့ ပေးစားမည်ဆိုသောသူကို ကျွန်မ တစ်ခါမျှ မမြင်ဖူးပါ၊ ယခု အရှင့်ကို ထင်မှတ်မှား၍ မေတ္တာတုံ့ပြန်မိလေပြီ၊ အရှင်သည်သာ ကျွန်မ၏ ချစ်ဦးသူဖြစ်ချေပြီ၊ ဖခင်တို့၏စီမံချက်ကိုလည်း ချေဖျက်ရန်မသင့်၊ ချေဖျက်ပါက မိဘစကား နားမထောင်ရာ ကျပေတော့မည်၊ စေ့စပ်ထားပြီးသူအပေါ်တွင်လည်း သစ္စာမဖျက်လိုပါ၊ ဒါပေမဲ့ . . . အရှင့်အပေါ်တွင် ချစ်ဦးသူအဖြစ် ဝန်ခံမိ၍လည်း ကတိတစ်ခု ပေးပါမည်၊ ဤသည်မှာ မင်္ဂလာဦးည၌ အရှင်သစ်ထံတွင် ခွင့်ပန်ပြီး အရှင့်ထံ အရောက်လာခဲ့ပါမည်"

ပြောလေသည်။

လုလင်လည်း စဉ်းစားကာ . . .

ဟိန်းတောက်ထွန်း စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သူကြွယ်ကြီးသမီး၏ ပြောစကားအရ မင်္ဂလာဦးည၌ လာခဲ့ပါမည်ဟု ဆိုခြင်းမှာ မဖြစ်နိုင်၊ ယခုဆိုခြင်းမှာ ငြင်းပယ်စကားကို လှည့်ဖြား၍ဆိုခြင်းသာ ဖြစ်ချိမ့်မည်"

ပြန်လာခဲ့လေတော့သည်။

ဤသို့ဖြင့် သူကြွယ်ကြီးသမီးနှင့် ကုန်သည်ကြီးသားတို့၏ ထိမ်းမြားမင်္ဂလာရက်အခါသို့ ရောက်ခဲ့လေသည်။

သတို့သားဘက်မှ လာရောက်တောင်းခံ၍ ကတိအတိုင်း ထိမ်းမြားပေးခြင်းဖြင့် ညဉ့်အချိန်သို့ရောက်သော် သူကြွယ်ကြီးသမီးသည် လင်ကို မြတ်နိုးရိုသေစွာ ရှိခိုး၍ ...

"အရှင် ... ကျွန်မကို အရှင်နှင့် ထိမ်းမြားလက်ထပ်ခြင်းမပြုမီ ဖခင်တို့ သဘောတူရည်မှန်းထားသူအဖြစ် အရှင့်ကို မမြင်ဖူးခဲ့ပါ၊ သို့အတွက် အရှင်နှင့် နာမည်ချင်းတူသော တစ်ပါးယောကျ်ားလုလင်ကို ဖခင်တို့ သဘောတူရည်မှန်းထားသူဟု ထင်မှတ်မှား၍ တုံ့ပြန်မေတ္တာထားခဲ့မိပါ၏။ အကြောင်းစုံကို သိရလေမှ လွဲကြလေပြီဟု သိရဘိ၏။ ဒါကြောင့် ထိုလုလင်ထံတွင် ကတိတစ်ခုကို သစ္စာပြုခဲ့မိ၏။ ထားခဲ့သောကတိမှာ မင်္ဂလာဦးည၌ အရောက်လာခဲ့ပါမည်ဆိုသော ကတိစကားပင် ဖြစ်၏။ ဒါကြောင့် ကျွန်မ၏ ကတိစကားကို မပျက်ပြယ်စေရန် ထိုလုလင်ထံ



www.burmeseclassic.com

www.burmeseclassic.com



သွားရောက်နှုတ်ဆက်ခွင့်ပြုပါ အရှင်''

ခွင့်ပန်စကား ပြောကြားလေသည်။

ထိုအခါ လင်ယောကျ်ားဖြစ်သူ ကုန်သည်ကြီးသားသည် ဇနီးသစ်မှာ ကတိသစ္စာကို တလေးတစားထားသူအဖြစ် အကျင့် သိက္ခာကို ယုံကြည်ပြီး ခွင့်ပြုလိုက်လျောလိုက်လေသည်။

သူကြွယ်ကြီးသမီးလည်း မင်္ဂလာပွဲ၌ ဝတ်ဆင်ထားသည့် အဝတ်အစားအတိုင်းပင် လုလင်ပျိုရှိရာသို့ ထွက်ခဲ့လေသည်။

လမ်းခုလတ်တစ်နေရာသို့ရောက်သောအခါ ခိုးသူတစ် ယောက် ပေါ်လာပြီး ပါလာသမျှပစ္စည်းတို့ကို ပေးရန် ခြိမ်းခြောက် တောင်းဆိုလေသည်။

ထိုအခါ သူကြွယ်ကြီး၏သမီးသည် ဟောင်းပန်သော အမူအရာဖြင့် တစ်ပါးသော ယောကျ်ားလုလင်ထံ ထားခဲ့သည့် ကတိသစ္စာအား ပေးဆပ်ရန်သွားရခြင်းဖြစ်ကြောင်း အကြောင်းစုံ ကို မကွယ်မဝှက်ဆိုပြီးနောက် ...

''အရှင် ... ဤသို့ ကတိသစ္စာကို ထားမိပြီး မသွားခဲ့ သည်ရှိသော် ကျွန်မမှာ ကတိမတည်သူ ဖြစ်ပေတော့သည်၊ ဤလက်ဝတ်တန်ဆာတို့ကို အရှင့်အား ပေးခဲ့၍ သွားရန်မှာလည်း မသင့်လျော်ပါ၊ အပြန်ခရီးမှာသာ အရှင်လိုသော လက်ဝတ်



www.burmeseclassic.com

www.burmeseclassic.com



ရတနာတို့ ယူပါ၊ မလွဲမသွေ ပြန်လာခဲ့မည်ကို ကတိသစ္စာပြုပါဘိ၏''

သနားဖွယ်ရာ ပြောဆိုသည်။

ခိုးသူလည်း ဤမိန်းမငယ်သည် ကတိတည်ကြည်သူ ဖြစ်ပေလိမ့်မည်ဟု နှလုံးသွင်းကာ ခွင့်ပြုလိုက်လေသည်။

ဤသို့ဖြင့် သူကြွယ်ကြီးသမီးလည်း ထိုနေရာမှ ထွက်ခွာခဲ့ပြီး ခရီးဆက်ခဲ့ရာ ခရီးအတော်ရောက်လာသောအခါ ဘီလူး တစ်ကောင်၏ ပိုင်နက်သို့ ရောက်သွား၏။

ထိုအခါ ဘီလူးက . . .

''ငါ့ပိုင်နက်တွင်းသို့ ဝင်ရောက်လာသော သင်သည် ငါ့အစာဖြစ်ပြီ''

ကြုံးဝါး၍ စားမည်ပြုသည်။

ထိုအခါ သူကြွယ်ကြီးသမီးသည် တည်ငြိမ်အေးချမ်း သောမျက်နှာဖြင့် ခိုးသူအား ဆိုသကဲ့သို့ပင် အကြောင်းစုံကို ပြောပြပြီး . . .

''အသင်ဘီလူးမင်း . . . မင်းမှာသစ္စာ၊ လူမှာကတိဟူ သောစကားရှိဘိ၏၊ ယခု ကျွန်မအား အသင်ဘီလူးမင်းစား၍ လုလင်ထံ အရောက်မသွားခဲ့သော် ထိုစကားနှင့် ဖီလာဖြစ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ကတိသစ္စာ ပျက်ချေတော့မည်၊ ဒါကြောင့် ကျွန်မထားခဲ့သော ကတိအတိုင်း လုလင်ထံ အရောက်သွား၍ ပေးဆပ်ခွင့်ပြုပါ။ အပြန်ခရီးမှသာ စားပါလော့၊ အသင်ဘီလူးမင်းထံ မလွဲမသွေ ပြန်လာမည်ကို ကတိပေးပါ၏''

ဘီလူးလည်း မိန်းမငယ်၏ ပြောဆိုစကားများကို ချင့်တွက်၍ ခွင့်ပြုလိုက်လေသည်။ သို့နှင့်ပင် လုလင်ပျိုထံ ရောက်လာခဲ့တော့၏။

လုလင်သည် သူကြွယ်ကြီးသမီးအား တွေ့လိုက်ရသော အခါ အမျက်ပွား၍ အပြစ်စကားဆိုမည်ပြုသည်၊ အကြောင်းရင်းမှာ မိမိပွင့် ကာမပိုင်လင်ယောကျ်ား ရှိပြီဖြစ်နေပါလျက်နှင့် ဤသို့ တစ်ပါးယောကျ်ားနှင့် တွေ့ဆုံရန် ညဥ့်အချိန် လာရောက် တွေ့ဆုံခြင်းပင် ဖြစ်လေသည်။

သို့သော်လည်း ပေးခဲ့သည့် ကတိစကားကို သစ္စာထား၍ စောင့်ထိန်းသော မိန်းမငယ်၏ အတွင်းသဏ္ဍာန်ကို လေးစားလာသဖြင့် ...

''အို ချစ်နှမ ... ကျွန်ုပ်အား ပေးခဲ့သော ကတိစကားကို ကျွန်ုပ်သည် ယုံမှားသံသယဖြစ်ဖွယ်စကားဟုသာ မှတ်ယူခဲ့ဘိ၏၊ ယခုကဲ့သို့ အရောက်လာလိမ့်မည်ကို စိတ်ဥ်ပင် မကူးမိပါ၊

ဟိန်းတောက်ထွန်း စာပေ

www.burmeseclassic.com

www.burmeseclassic.com



ချစ်နှမသည် ပေးခဲ့သော ကတိစကားကို သစ္စာထား၍ စောင့်ထိန်းသူဖြစ်ဘိ၏၊ ယနေ့မှစ၍ ကျွန်ုပ်၏ နှမအရင်းကဲ့သို့ စောင့်ရှောက်သွားပါမည်၊ ခင်ပွန်းသည်ထံသို့သာ အမြန်ပြန်ပါဘိလော့''

သူကြွယ်ကြီးသမီးအား သာယာစွာပြောဆို၍ ပြန်စေလေသည်။

သူကြွယ်ကြီးသမီးလည်း လုလင်ထံမှပြန်ခဲ့ပြီး ဘီလူးကြီးပိုင်နက်သို့ရောက်သောအခါ ဘီလူးကြီးအား ...

''အို အသင်ဘီလူးမင်း ... ကျွန်ုပ်၏ကတိစကားအတိုင်း ကတိသစ္စာကြွေးကို ပေးဆပ်ခဲ့ပြီးဖြစ်၍ ဘီလူးမင်းထံရောက်လာခဲ့ပါပြီ၊ စားလိုက စားနိုင်ပါပြီ''

တည်ငြိမ်အေးဆေးစွာ ပြောလိုက်သည်။

ထိုအခါ ဘီလူးကြီးမှာ ...

''မင်းမှာသစ္စာ, လူမှာကတိဟူသောစကားကို လူတိုင်းပြောဆိုတတ်ကြ၏၊ သို့သော် စောင့်ထိန်းသူမှာ နည်းလှဘိသည်၊ ဤသူငယ်မသည်ကား ကတိသစ္စာကို အသက်ဖြင့်နှင်း၍ပင် စောင့်ထိန်းဝံ့၏၊ မြင့်မြတ်လှဘိသည်၊ ငါမှာ ရှေးဘဝက အကုသိုလ် ကံ ဖိစီး၍ သည်ဘဝ၌ ဘီလူးဖြစ်ခဲ့ရ၏၊



www.burmeseclassic.com

www.burmeseclassic.com



ရှုတော်ကောင်းမ လေးကို ပြစ်မှားမိပြန်ပါက နောင်ဘဝများစွာအတွက် တွေးဝံ့ဖွယ် မရှိပြီ''

တွေးတောစဉ်းစားမိပြီး သူကြွယ်ကြီးသမီးအား ချီးမွမ်းစကားပြောဆိုပြီး စားတော့ဘဲ ပြန်လွှတ်လိုက်လေသည်။

ဤသို့ဖြင့် ခိုးသူနှင့်တွေ့သောနေရာသို့ ရောက်လာခဲ့လေသည်။

ခိုးသူနှင့်တွေ့သောအခါ သူကြွယ်ကြီးသမီးက ...

''အရှင် ... ကျွန်မထားခဲ့သည့် ကတိအတိုင်း အရှင့်ထံအရောက်ပြန်လာခဲ့ပါပြီ၊ ယူလိုသမျှသော လက်ဝတ်ရတနာတို့ကို ယူပါဘိလော့''

ပြောဆိုပြီး ရက်ရောစွာပေးသည်။

ထိုအခါ ခိုးသူက ...

''ဤမိန်းမငယ်သည် အဆင်းလည်း လှဘိ၏၊ ကတိစကားကိုလည်း မပယ်ရှား၊ ကြည်ညိုဖွယ် စိတ်ထားလည်း ရှိဘိသည်၊ ဤသို့ ကတိစကားကို သစ္စာထား၍ စောင့်ထိန်းသော သူတော်ကောင်းထံမှ ပစ္စည်းကို ငါ မယူထိုက်ချေ''

တွေးတောချိန်ဆပြီး ပေးလာသော လက်ဝတ်ရတနာ ပစ္စည်းတို့ကို လက်ဖျားနှင့်ပင် မထိတော့ဘဲ သူကြွယ်ကြီးသမီး



www.burmeseclassic.com

www.burmeseclassic.com



အား အံ့မခန်း ချီးမွမ်းစကားကို ပြောဆိုကာ အိမ်သို့ ပြန်စေလေသည်။

ဤသို့ဖြင့် သူကြွယ်ကြီးသမီးသည် ခင်ပွန်းသည် ကုန်သည်ကြီးသားထံသို့ ချောမောစွာ ပြန်ရောက်လာလေသတည်း။


❁ ❁ ❁

ဟိန်းတောက်ထွန်း စာပေ

www.burmeseclassic.com

www.burmeseclassic.com

# ပညာရှိအမတ်ပုဏ္ဏားကြီး
# နှင့်
# လူလည်သုံးယောက်



www.burmeseclassic.com

www.burmeseclassic.com

## ပညာရှိအမတ်ပုဏ္ဏားကြီးနှင့် လုလင်သုံးယောက်

ရှေးလွန်လေပြီးသောအခါ သာကေတတိုင်းပြည်အား တင်ကိမင်းသည် တိုက်ခိုက်သိမ်းပိုက်ရန်အတွက် စစ်အင်္ဂါလေးပါး ခြံရံလျက် မြို့ကို ဝိုင်းရံထားလေသည်။

ထိုသို့ တင်ကိမင်း ရုတ်တရက် စစ်ချီဝိုင်းရံလာသဖြင့် သာကေတပြည့်ရှင်မင်းနှင့်တကွ မှူးမတ်စစ်သေနာပတိတို့မှာ မည်သို့မျှ မကြံတတ်အောင် ဖြစ်နေကြ၏။

ထိုအခြေအနေတွင် ပဏ္ဍိတအမည်ရှိသော ပညာရှိ ပုဏ္ဏားက . . .

"ငါတို့တိုင်းပြည်သည် စစ်လက်နက်အင်အားလည်း



www.burmeseclassic.com

www.burmeseclassic.com



နည်းပါးဘိသည်၊ ပြင်ဆင်မှုဟူ၍လည်း မရှိ၊ ဤသည်ကို သိလျက်နှင့် ဆင်ကန်းတောတိုး ဒုံးတိုက်ခိုက်ခြင်းမျိုးကို ပြုလုပ်ခဲ့သော် တင်ကိမင်းတို့ဘက်မှ တပ်ဆုတ်လိမ့်မည် မဟုတ်၊ ငါတို့တွင်သာ များစွာသောကျေ ပျက်စီးဆုံးရှုံးခြင်း ဖြစ်ပေတော့မည်''

ဆင်ခြင်စဉ်းစားမိသဖြင့် စကားအရာ၌ လိမ္မာသော မင်းချင်းတစ်ယောက်ကို ခေါ်၍ ...

''အမောင် ... ငါတို့တိုင်းပြည်အား ဝန်းရံထားသော တင်ကိမင်းထံသို့ သွားဘိလော့၊ ရောက်လျှင် ငါပေးလိုက်သော လက်ဆောင်ပဏ္ဏာများ ဆက်ပြီး ရိုသေကျိုးနွံသော အမူအရာဖြင့်

''အရှင်မင်းကြီး ... အရှင်တို့စစ်အင်အားသည် ကျွန်တော်မျိုးတို့ စစ်အင်အားနှင့်မမျှ နှစ်ဆလောက်ရှိပါဘိ၏၊ ကျွန်တော်မျိုးတို့မှာ အရှင်မင်းကြီးတို့အား ယှဉ်ပြိုင်ခုခံဖို့အရေးမှာ တွေးပင် မတွေးပံ့ကြောင်းပါ၊ ယခုအချိန်အခါသည်လည်း မိုးတွင်းအခါ ဖြစ်နေပါသည်၊ အရှင်မင်းမြတ်တို့သည် ကျွန်တော်မျိုးတို့ပြည်အား ချိန်ခါမရွေး သိမ်းပိုက်နိုင်သည်ဖြစ်သောကြောင့် မိုးလေကုန်သောအခါမှ ကြွချီတော်မူသင့်ပါသည် အရှင်မင်းမြတ်''

မှာကြားပြောဆိုပြီး လက်ဆောင်ပဏ္ဏာများနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



တင်ကိမင်းထံသို့ စေလွှတ်လိုက်လေသည်။

မင်းချင်းယောကျ်ားလည်း တင်ကိမင်းထံသို့ ရောက်သောအခါ ပညာရှိပုဏ္ဏားကြီး မှာကြားသင်ပြထားသည့်အတိုင်း လျှောက်ထားပြီး လက်ဆောင်ပဏ္ဏာတော်များကို ဆက်သလိုက်လေသည်။

မင်းချင်းယောကျ်ား၏ လျှောက်ထားသောစကားကို တင်ကိမင်းကြီး များစွာသဘောကျတော်မူသည်။ ထို့ကြောင့် ...

''မှန်ဘိ၏၊ ငါတို့သည် သင်တို့ပြည်ကို အခုတိုက်လည်း နိုင်မည်၊ နောင်အခါမှ တိုက်လည်း အသာလင့်သော် အသင့်ရ ဆိုစကားသို့ပင် ငါတို့လက်အောက်သို့ ရောက်လာမည်သာ ဖြစ်မိ၏''

မိန့်တော်မူပြီး နောက်တစ်နေ့ အရုဏ်တက်တွင် သာကေတ မြို့သို့ ဝိုင်းရံထားသောတပ်များကို ရုပ်သိမ်း၍ ပြန်တော်မူလေ သည်။

ဤသို့ ပညာရှိပုဏ္ဏားကြီး၏ စွမ်းဆောင်ချက်ကြောင့် တင်ကိမင်း၏တပ်များ ပြန်လည်ဆုတ်ခွာသွားသည့်သတင်းကို သာကေတပြည့်ရှင်မင်းကြီး သိတော်မူသောအခါ များစွာချီးမွမ်း၍ 'အမတ်ကြီးရာထူး' သို့ ခန့်ထားတော်မူလိုက်၏။

ဟိန်းတောက်ထွန်း စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ပုဏ္ဏားကြီးက ...

''ယခု ငါသည် တင်ကိမင်းကို တစ်နှစ်ခန့် ဆုတ်ခွာစေခြင်းဖြင့် ပြည့်ရှင်မင်းသည် အမတ်ရာထူးကို ပေးအပ်ချီးမြှင့်ခဲ့ပြီ။ တင်ကိမင်းရန်မှ ထာဝရကင်းဝေးအောင် ကြံဆောင်ပေးနိုင်ခဲ့ပါက မင်းကြီး၏ ချီးမြှင့်မြှောက်စားမှုမှာ ဆိုဖွယ်ရာပင်မရှိတော့''

တွေးဆလျက် တင်ကိမင်းရန်မှ ထာဝရလွတ်ငြိမ်းသွားစေရန် နေ့စဉ်မပြတ် ကြံစည်တွေးတောလျက်သာ နေလေသည်။

ထိုပညာရှိအမတ် ပုဏ္ဏားကြီးတွင် သမီးပျိုတစ်ယောက်ရှိသည်။ ထိုသမီးပျိုသည် ကောင်းခြင်းငါးဖြာ ကြန်အင်လက္ခဏာတို့နှင့်လည်း ပြည့်စုံသလို နတ်မိမယ်တမျှ ချောမောလှပလေသည်။

BURMESE CLASSIC

တစ်နေ့သောအခါတွင် အမျိုးမြတ်သော ပုဏ္ဏားလုလင်တစ်ယောက်သည် အမတ်ပုဏ္ဏားကြီးထံသို့ ရောက်လာပြီး ...

''အရှင် ... ကျွန်ုပ်သည် အရှင့်သမီးအား ချစ်ခင်စုံမက်သဖြင့် ကြင်ဖက်ပြုပါရစေ''

ခွင့်တောင်းလေသည်။

ထိုအခါ အမတ်ပုဏ္ဏားကြီးက ...

''အမောင်လုလင် ... အမောင်သည် ခြင်္သေ့မင်းကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်တည်ကြည်သောအသွင်လည်း ရှိဘိသည်၊ ဥဩမျိုးကဲ့သို့ သာယာသောအသံဖြင့် ချိုသာသောစကားကိုလည်း ဆိုတတ်ဘိ၏၊ ခန့်ညားသော ဥပဓိရုပ်လည်းရှိသည်၊ ချင့်ချိန်နိုင်းဆ၍ကြည့်လျှင် မြင့်မြတ်သော အမျိုးအနွယ်ထဲမှ ဖြစ်ဖွယ်ရှိ၏ ...၊

ဒါပေမဲ့ မြင့်မြတ်သောအမျိုးမှဖြစ်ပြီး ယောကျ်ားပီသရုံနှင့်တော့ ငါ့သမီးနှင့် မပေးစားနိုင်ပါ၊ ယခု ငါဆိုသော အချက်သုံးချက်ဖြစ်တဲ့ ကောင်းသောသူကို ကောင်းအောင်ပြုနိုင်ရမည်၊ မကောင်းသောသူကိုလည်း ကောင်းအောင်ပြုနိုင်ရမည်၊ စစ်ထိုးခြင်းအရာ၌ လိမ္မာကျွမ်းကျင်ရမည်၊ သည်အချက်တွေနဲ့ ပြည့်စုံမှသာ ငါ့သမီးကို ရချိမ့်မည်''

ထိုအခါ ပုဏ္ဏားလုလင်က ...

''ကောင်းပါပြီ အရှင် ... အရှင်လိုလားသော အချက်သုံးချက်စလုံးကို ကျွန်ုပ် စွမ်းဆောင်နိုင်ပါဘိ၏၊ ကတိထားပါသည်၊ အရှင် အလိုရှိတော်မူတဲ့အချိန် ခေါ်ပါဘိ အရှင်''

ပညာရှိအမတ် ပုဏ္ဏားကြီးက ...

''သို့ဆိုလျှင် ကောင်းပေပြီ၊ အရေးရှိက ငါ အခေါ်လွှတ်ပါအံ့''

ပြောဆိုပြီး ပြန်လွှတ်လိုက်၏။

ဟိန်းတောက်ထွန်း စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုပုဏ္ဏားလုလင် ပြန်သွားပြီး တစ်ခဏအကြာတွင် ပုဏ္ဏားလုလင်တစ်ယောက် ရောက်လာပြန်သည်။

''အရှင် ... အကျွန်ုပ်သည် ဤမည်သောအမျိုးမှ ဖြစ်ပါသည်၊ မိခင် ဖခင်တို့အမည်မှာ ဤသို့ဖြစ်ပါသည်၊ ကျွန်ုပ်၏အမည်မှာလည်း ဤသို့ဖြစ်ပါသည်''

ပဏာမစကားကိုဆိုပြီးနောက် ပထမပုဏ္ဏားလုလင် ဆိုသကဲ့သို့ ပြောဆိုပြီး 'ကောင်းပြီ' အချက်သုံးချက်နှင့် ပြည့်စုံပါက သမီးနှင့် ပေးစားမည်ဖြစ်ကြောင်း ပြောလိုက်သည်။

လုလင်ကလည်း ကတိထား၍ ပြန်သွားပြီး မကြာမီတွင် မှာပင် တတိယမြောက်လုလင်တစ်ယောက် ရောက်လာပြန်၏။

ပထမလုလင်နှင့် ဒုတိယလုလင်တို့ ပြောသလိုပင် ပြောပြန်သည်။

ပညာရှိအမတ်ပုဏ္ဏားကြီးကလည်း သုံးချက်သော စကားကို ဆိုသည်။ ထိုသုံးချက်ကို စွမ်းဆောင်နိုင်သော် သမီးနှင့် ပေးစားမည်ဟုလည်း ပြောလိုက်သည်။

တတိယလုလင်ကလည်း စွမ်းဆောင်နိုင်ပါကြောင်း ကတိပေးလေသည်။

ပညာရှိအမတ်ပုဏ္ဏားကြီးမှာ တိုင်းပြည်အရေးက တစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်၊ သမီးအရေးကလည်း တွေးရခက်ခက် ဖြစ်နေတော့၏။

တစ်နေ့တည်း၌ပင် လုလင်သုံးယောက် ထူးဆန်းစွာ ရောက်လာကြ၏။ သမီးနှင့် ပေးစားရန် ခွင့်ပန်ကြ၏။

မိမိက သုံးချက်သောစကားကို တောင်းဆို၏။ ထိုသုံးချက်စလုံးကို စွမ်းဆောင်နိုင်ကြောင်း သုံးယောက်စလုံးက ကတိထားကြသည်။

မိမိကလည်း 'ကောင်းပြီ' ဟုချည်း ပြော၍လွှတ်လိုက်ရ၏။

ထိုလုလင်သုံးဦးစလုံးသည် ကတိစကားနှင့် ညီ,မညီ ဟူ၍တော့ မပြောတတ်၊ တစ်နေ့နေ့တွင် စုံစမ်းသိရမည်ဟု စိတ်၌ တေးမှတ်ထားလိုက်၏။

ဤသို့ဖြင့် တစ်နေ့တွင် ...

ပညာရှိအမတ်ပုဏ္ဏားကြီးသည် အကြံပေါ်လာသဖြင့် ပထမပုဏ္ဏားလုလင်ကို ခေါ်ယူပြီးနောက် ...

"အမောင် ... ငါ့သမီးကိုလိုသော် ငါ၏ရန်သူဖြစ်သော တင်ကိမင်း၏ဦးခေါင်းကို ဖြတ်ယူခဲ့ဘိလော့"

စေခိုင်းလိုက်လေသည်။

ပုဏ္ဏားလုလင်လည်း ဆိုခဲ့သည့်အတိုင်း ပြုပါမည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ကတိပေးပြီး ထွက်ခွာသွားလေသည်။

ထိုပထမလုလင် ထွက်သွားပြီး မကြာမီ ပညာရှိအမတ်ပုဏ္ဏားကြီးသည် ဒုတိယလုလင်ကို ခေါ်ယူပြီး …

"အမောင် … ငါ့သမီးအား ကြင်ဖက်ပြုလိုသော် ဤမည်သော ခရီးလမ်း၌ ဖြတ်သွားသမျှသော လူသားတို့အား မပြတ်စောင့်၍ စားနေသော ဘီလူး၏လည်ကိုဖြတ်၍ ယူခဲ့ဘိလော့"

ခိုင်းလိုက်ပြန်၏။

ဒုတိယလုလင်သည် ကတိထားကာ ထွက်သွားပြီးနောက် တတိယပုဏ္ဏားလုလင်အား ထပ်၍ ခေါ်လိုက်ပြန်သည်။

"အမောင်လုလင် … ငါ့သမီးအား ရယူလိုသော် ဤမည်သောအရပ်၌ ရောက်လာသမျှသော လူသားတို့အား အနိုးအငွေ့လွှတ်ပြီး ညှဉ်းပန်းနှိပ်စက်နေသော နတ်ဆိုး၏လည်ကိုဖြတ်ယူလာခဲ့ဘိလော့"

ခိုင်းစေလိုက်ပြန်၏။

တတိယပုဏ္ဏားလုလင်လည်း အချိန်မဆိုင်းဘဲ ထွက်သွားတော့သည်။

နောက်တစ်နေ့နံနက်တွင် ပထမပုဏ္ဏားလုလင်သည်



www.burmeseclassic.com

www.burmeseclassic.com



တင်ကိုမင်း၏ခေါင်းကို ကိုင်၍ ပညာရှိအမတ်ပုဏ္ဏားကြီးထံ ရောက်လာသဖြင့် များစွာအံ့ဩဝမ်းသာသွားလေသည်။

မိမိ နေ့စဉ်ရက်ဆက် ကြံစည်ကြိုးပမ်းနေရသော တင်ကိုမင်းရန်မှ လုံးဝလွတ်ငြိမ်းရန် စိတ်ဆန္ဒမှာ ပြည့်ဝအောင် ဖြစ်သွားပြီဖြစ်၏။

တစ်ခဏမျှကြာသောအခါ ဘီလူးဦးခေါင်းကို ကိုင်လျက် ဒုတိယပုဏ္ဏားလုလင် ရောက်လာပြန်၏။ ပညာရှိအမတ်ပုဏ္ဏားကြီးမှာ ဒုတိယမ္ပိ အံ့ဩသွားရတော့သည်။

ထို့နောက် နတ်ဆိုးခေါင်းနှင့်အတူ တတိယပုဏ္ဏားလုလင်သည် ရောက်လာလေသည်။

ထိုအခါမှပင် ပညာရှိအမတ်ပုဏ္ဏားကြီးမှာ သမီးအရေးတွင် အခက်တွေ့လေတော့သည်။

လုလင်သုံးယောက်နှင့် မည်သို့ပြုမူရမည်ကိုပင် ရုတ်တရက် ဝေခွဲ၍မရ။

လုလင်သုံးယောက်စလုံးကလည်း ကတိစကားနှင့်အညီ ပြုကျင့်နိုင်ခဲ့ကြ၏။ ရဲစွမ်းသတ္တိအရာ၌လည်း တူညီနေပြန်၏။

တစ်ဦးတည်းသောသမီးပျိုကို မည်သူနှင့် ပေးစားရအံ့နည်း။

ဟိန်းတောက်ထွန်း ၈၁၀၆

www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏားလုလင်သုံးယောက်သည် စွမ်းရည်သတ္တိအရာ၌ တူညီနေကြသည်။ သုံးယောက်စလုံးတွင်လည်း ချို့ယွင်းချက်ဟူ၍ ကြည့်၍မမြင်ပေ။ ရှာမရ။

နောက်ဆုံးတွင် ပညာရှိအမတ်ပုဏ္ဏားသည် လုလင်သုံးဦးစလုံးအား စေခိုင်းရာတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း ဖြစ်နေသဖြင့် ပထမဆုံး တင်ကိုမင်းဦးခေါင်းကိုဖြတ်ပြီး ရောက်လာသော ပုဏ္ဏားလုလင်နှင့် မိမိ၏တစ်ဦးတည်းသောသမီးနှင့် ပေးစားရန် ဆုံးဖြတ်လိုက်လေတော့သည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးသိတတ်သော သူရဲကောင်း



www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးသိတတ်သော သူရဲကောင်း

ရှေးလွန်လေပြီးသောအခါက တိုင်းပြည်တစ်ပြည်တွင် သူရဲကောင်းတို့ တတ်မြောက်အပ်သော အတတ်ပညာဟူသမျှတို့ကို ကျွမ်းကျင်ပြီးမြောက်သည့် သူရဲကောင်းစစ်သူကြီးတစ်ယောက် ရှိလေသည်။

သို့သော် ထိုသူရဲကောင်းကြီးအား မြှောက်စားထားသော ထိုတိုင်းပြည်မှ ပြည့်ရှင်မင်းသည် သူရဲကောင်းစစ်သူကြီးမိသားစု စားဝတ်နေရေးအတွက် လုံလောက်အောင် ထောက်ပံ့ပေးကမ်းခြင်းမရှိသဖြင့် ထိုသူရဲကောင်းကြီးသည် မိသားစုနှင့်အတူ အခြားတိုင်းပြည်တစ်ပြည်သို့ ထွက်ခွာပြောင်းရွှေ့သွားလေတော့သည်။

ဟိန်းတောက်ထွန်း စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုတိုင်းပြည့်မှ ပြည့်ရှင်မင်းသည် သတ္တဝါဟူသမျှတို့အား ကြင်နာသနားတတ်လေသည်။ ထို့ပြင် ပေးကမ်းစွန့်ကြဲခြင်း၌လည်း နှစ်ခြိုက်သူဖြစ်သည်။

သူရဲကောင်းယောက်ျားတို့ကိုလည်း အရေးထား၍ ချီးမြှင့်မြှောက်စားတော်မူတတ်သည်။

ယခုလည်း သူရဲကောင်းစစ်သူကြီးမှ ထိုပြည့်ရှင်မင်းမြတ်ထံ ဝင်ရောက်ခစားပြီးနောက် ...

"အို အရှင်မင်းကြီး ... ကျွန်တော်မျိုးသည် သူရဲကောင်းယောက်ျားမြတ်တို့ တတ်မြောက်အပ်သည့် အဋ္ဌာရသအတတ်မျိုးစုံကို တတ်မြောက်ကျွမ်းကျင်လိမ္မာသူ ဖြစ်ပါသည်ဘုရား၊ အရှင်မင်းမြတ် ပေးအပ်လိုသော အမှုတာဝန်ကို ပေးတော်မူပါ၊ ကျွန်တော်မျိုး ကျေပွန်စွာ ထမ်းဆောင်ပါမည်၊ ကျွန်တော်မျိုးအား မှီခိုနေသည့် မိသားစုစားဝတ်နေရေးအတွက် တစ်နေ့လျှင် အသပြာငါးရာပေးပါမှ လုံလောက်ပါမည် အရှင်မင်းမြတ်"

လျှောက်ထားသောအခါ မင်းကြီးလည်း ကျေနပ်ကြည်ဖြူစွာနှင့်ပင် သူရဲကောင်းစစ်သူကြီး၏ အလိုဆန္ဒကို ဖြည့်စွမ်းပေးတော်မူလေသည်။

ဟိန်းတောက်ထွန်း စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် တိုင်းတစ်ပါးပြည့်ရှင်မင်းထံတွင် သူရဲကောင်းစစ်သူကြီးမိသားစုသည် အေးချမ်းစွာ မှီခိုနေထိုင်လာခဲ့ကြသည်မှာ ကာလကြာမြင့်လာလေတော့သည်။

ထိုသို့ နှစ်ကာလပေါင်း ကြာလာခဲ့သည်နှင့်အမျှ သူရဲကောင်းစစ်သူကြီးသည် မင်းအပ်နှင်းသော တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ရင်း မင်းကြီး၏ ကျေးဇူးတရားကိုလည်း နေ့စဉ်နေ့တိုင်း သတိရလျက်ရှိနေသည်။

တစ်နေ့တွင် သူရဲကောင်းစစ်သူကြီးသည် မင်းကြီး၏ အိပ်ဆောင်၌ အဆောင်မှူးတာဝန်ကို ယူနေရချိန်ဖြစ်သည်။ ညဥ့်အချိန် သန်းခေါင်ယံသို့ ရောက်သောအခါ မင်းကြီး မပြတ်ပူဇော်နေသော နတ်သမီး၏ငိုကြွေးသံကို မင်းကြီး ကြားတော်မူလိုက်ရလေသည်။

ထို့အတူ သူရဲကောင်းစစ်သူကြီးလည်း ကြားလေသည်။

မင်းကြီးလည်း စူးစမ်းလိုစိတ်၊ သိချင်စိတ်များ ပေါ်လာလေသည်။ နတ်သမီး၏ငိုသံမှာလည်း တဖြည်းဖြည်းနှင့် ကျယ်လာသဖြင့် ...

"အဘယ်သူသည် အဘယ်ကြောင့် ငိုကြွေးနေသည်ကို စုံစမ်းပါဘိလော့ အမောင်"

ဟိန်းတောက်ထွန်း စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူရဲကောင်းစစ်သူကြီးအား စေခိုင်းတော်မူလိုက်သည်။ မင်းကြီးကိုယ်တိုင်လည်း သန်လျက်ကို အသင့်အနေအထား ကိုင်၍ သူရဲကောင်းစစ်သူကြီးမသိအောင် နောက်မှ တိတ်တဆိတ် လိုက်တော်မူလေသည်။

သူရဲကောင်းစစ်သူကြီးသည် မှောင်မိုက်နေသည့်အတွင်း မှ ငိုကြွေးသံကြားရာဘက်သို့ မှန်းဆ၍ ...

"ဟယ် မိန်းမငယ် ... အဘယ်သို့သော ပရိဒေဝသော က ဗျာပါဒရှိ၍ ငိုကြွေးနေဘိသနည်း၊ အသင်မိန်းမငယ်သည် မည်သူပါနည်း၊ သင် နှမငယ်၏သောကမီးကို ကျွန်ုပ်အား ပြော ကြားပါဘိတော့၊ ကျွန်ုပ် ငြိမ်းအေးအောင် ကူညီဆောင်ရွက်ပေး ပါဘိမည်"

မေးမြန်းပြောဆိုလိုက်လေသည်။ ထိုအခါ ...

"ဟယ် အမောင်ယောကျ်ားကောင်း ... ငါသည် ဘုရင်မင်းမြတ်၏နန်းတော်ကို စောင့်ကြပ်ရသော နတ်သမီး ဖြစ် ဘိသည်၊ ငါ ငိုကြွေးရသည့်အကြောင်းမှာ ယနေ့နံနက် အရုဏ် မတက်မီ ဘုရင်မင်းမြတ်သည် နတ်ရွာစံ ကံတော်ကုန်ရလေမည်၊ ထို့ကြောင့် ငါ ငိုကြွေးရခြင်း ဖြစ်ဘိသည်"

ပြောဆို၏။



www.burmeseclassic.com

www.burmeseclassic.com



နတ်သမီးစကားကြောင့် သူရဲကောင်းစစ်သူကြီးမှာ များစွာတုန်လှုပ်ချောက်ချားသွားလေတော့သည်။ ပြီးမှ ကပျာကသီနှင့်ပင် ...

''အို အရှင်နတ်သမီး ... မင်းကြီးမသေအောင်အဘယ်သို့ ကြံဆောင်၍ ရနိုင်ပါမည်နည်း၊ သင် နတ်သမီးသိသောနည်းလမ်းရှိလျှင် အကြံပေးဘိလော့၊ ကျွန်ုပ် ဆောင်ရွက်ဘိမယ်''

ထိုအခါ နတ်သမီးက ...

''သို့ဆိုလျှင် ငါပြောမည် အမောင်သူရဲကောင်း နားထောင်ဘိလော့၊ တစ်သက်တာတွင် သားယောကျ်ားတစ်ယောက်ကိုသာ မွေးဖွားသူသည် ထိုသားအား ဖခင်ကိုယ်တိုင်က လည်ကိုဖြတ်ပြီး လည်ချောင်းသွေးဖြင့် ငါ့အား ပူဇော်ရမည်၊ ထိုလည်ချောင်းသွေးကို ငါသောက်ရမှ မင်းကြီး အသက်ရှင်ချမ်းသာဘိမည်၊ ဤအမှုကို ယခုည အရုဏ်မတက်မီ ပြုမှသာ မင်းကြီးအသက်ရှင်ချိမ့်မည်''

ဆိုလေသည်။

ထိုအခါ သူရဲကောင်းစစ်သူကြီးသည် စဉ်းစားလေသည်။

''ငါသည် မင်းကြီးထံမှ တစ်နေ့လျှင် အသပြာငါးရာ



www.burmeseclassic.com

www.burmeseclassic.com



ယူ၍ မိသားစုနှင့်အတူ အေးချမ်းစွာနေလာခဲ့ကြသည်မှာ နှစ်ပေါင်း ကြာခဲ့ပြီ ဖြစ်ဘိသည်၊ မင်းကြီး၏ကျေးဇူးသည် ကြီးမားလှဘိသည်။ ယခုမှပင် ကျေးဇူးဆပ်နိုင်ရန် အခွင့်ကြုံပေးပြီး ငါသည်လည်း သားတစ်ယောက်တည်းရှိသော ဖခင်ဖြစ်ပေဘိ၏''

စဉ်းစားပြီးနောက် ချစ်လှစွာသော တစ်ဦးတည်းသောသား၏လည်ကို ဖြတ်ကာ လည်ချောင်းသွေးဖြင့် ကျေးဇူးရှင်မင်းကြီးအသက်ကို ကယ်မည်ဟု ဆုံးဖြတ်လိုက်ပြီး အိမ်သို့အလျင်အမြန် ပြန်သွားလေသည်။

အိမ်သို့ရောက်သောအခါ သူရဲကောင်းစစ်သူကြီးသည် ရဲစွမ်းသတ္တိအရာ၌ ပြည့်စုံသူဖြစ်သော်လည်း သားချစ်၏အသက်ကို ရင်း၍ ကျေးဇူးရှင်မင်းကြီး၏အသက်ကယ်တင်ရေးကို ဇနီးသည်အား ပြောမထွက်နိုင်အောင် ရင်၌ တစ်ဆို့ကြေကွဲနေမိသည်။

နောက်ဆုံးတွင် ရင်၌ မချိသော်လည်း မလုပ်မဖြစ်၊ မပြောမပြီးဖြစ်၍ အကြောင်းစုံကို ပြော ပြလိုက်လေတော့သည်။

ထိုအခါ ဇနီးသည်မှာ ချစ်လှစွာသော တစ်ဦးတည်းသော သားလေးအတွက် သောကမီး တောက်လောင်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူရဲကောင်းစစ်သူကြီးလည်း တစ်ဦးတည်းသော သားငယ်အား ခေါ်ယူလာခဲ့ပြီး ဦးခေါင်းကိုဖြတ်၍ လည်ချောင်းသွေးဖြင့် ယဇ်ပလ္လင်တွင် ပူဇော်ကာ မင်းကြီး အသက်ရှည်ကြောင်း ဆုမွန်ကောင်းများကို တောင်းလေ၏။

သူရဲကောင်းစစ်သူကြီး၏ ဇနီးသည်မှာ ချစ်လှစွာသော တစ်ဦးတည်းသော သားလေးအား အရှင်လတ်လတ် မိမိရှေ့၌ပင် ဖခင်ရင်းကိုယ်တိုင်က လည်ကိုဖြတ်၍ ယိုစီးကျလာသော လည်ချောင်းသွေးတို့ဖြင့် ယဇ်ပလ္လင်တွင် ပူဇော်သည့်အဖြစ်ကို မြင်ရသောအခါ ရင်၌ မချိအောင် သောကမီးတောက်လောင်လွန်းနေသဖြင့် မိမိလည်ကို မိမိကိုယ်တိုင်ဖြတ်ပြီး အဆုံးစီရင်လိုက်လေတော့၏။

တစ်သက်တာဘဝတွင် ချစ်လှစွာသော သားနှင့်ဇနီးသည်ပါ မရှိတော့သဖြင့် သူရဲကောင်းစစ်သူကြီးသည်လည်း လူ့လောကမင်းကြီးအလယ်၌ အထီးကျန်ဘဝဖြင့် မနေလိုတော့ပေ။ ထို့ကြောင့် လက်မှဓားနှင့်ပင် မိမိလည်ကို မိမိ လှီးဖြတ်သတ်သေလိုက်လေတော့၏။

သူရဲကောင်းစစ်သူကြီးတို့ မိသားစုအဖြစ်မှာ ရင်နင့်ဖွယ်ရာ ဖြစ်ပေသည်။

ဟိန်းတောက်ထွန်း စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ အစမှအဆုံးတိုင်အောင် အလုံးစုံသော အဖြစ်အပျက်တို့ကို ရှုမြင်တော်မူနေရသော ပြည့်ရှင်မင်းမှာ များစွာစိတ်နှလုံးကြေကွဲစွာ ခံစားနေရလေသည်။

"ထိုမျှ အလွန်သစ္စာတရား ကြီးမားလွန်းသူ၊ သူ့ကျေးဇူးကို အသက်ပေး၍ပင် ဆပ်ဝံ့သူ၊ သူ့ကျေးဇူးကို အထူးတလည် သိတတ်လွန်းသူမျိုးကို ငါ့တစ်သက်တွင် မကြုံတွေ့စဖူး၊ ထိုသို့သော သူတော်ကောင်း သူရဲကောင်း အဆွေခင်ပွန်းနှင့် ခွဲခွာ၍နေရသော် အကျိုးမရှိ၊ သေရသည်ကမှ မြတ်ဘိမည်"

စဉ်းစားတော်မူပြီး အသင့်ပါလာသော သန်လျက်နှင့် မိမိလည်ကို ဖြတ်မည် ကြံရွယ်တော့သည်။

ထိုသို့ မင်းကြီးကြံစည်သည်ကို နတ်သမီး သိလေလျှင် အလျင်အမြန် ကိုယ်ထင်ပြ၍ . . .

"အို အရှင်မင်းကြီး . . . အရှင်မင်းကြီး၏အသက်ချမ်းသာရရေး၊ အသက်ရှည်ရေးအတွက် ရင်းနှီးထားရသည်မှာ အရှင်မင်းကြီး မြင်တော်မူဘိသည်၊ အရှင်မင်းကြီး လိုရာဆုကိုသာ တောင်းပါ၊ ငါပေးအံ့"

ထိုအခါ မင်းကြီးက . . .

"အို အရှင်နတ်သမီး . . . ကျွန်ုပ်ကိုယ်တိုင် စီရင်လိုခြင်း



www.burmeseclassic.com

www.burmeseclassic.com



မှာ ဤမျှ သူတစ်ထူး၏ကျေးဇူးကို သိတတ်သူ၊ သူ့ကျေးဇူးကို အသက်ဖြင့် ရင်းနှီး၍ပင် ဆပ်ဝံ့သော သူကောင်းသူမြတ်နှင့် အတူမနေရဘဲ အသက်ရှင်နေ၍ အကျိုးမရှိသောကြောင့် ဖြစ်ဘိ၏။ ထို့အတွက် အခြားဆုကို ကျွန်ုပ် အလိုမရှိပါ၊ ဤသူတော်ကောင်း သူရဲကောင်းမိသားစု အသက်ပြန်ရှင်လာရေးကိုသာ ကျွန်ုပ် အလိုရှိပါသည် အရှင်နတ်သမီး''

ထိုအခါ နတ်သမီးက ...

''ကောင်းပါပြီ အရှင်မင်းကြီး''

ပြောဆိုကာ မိသားစုသုံးယောက်တို့၏ ဦးခေါင်းသုံးလုံးအား ကိုယ်နှင့်ဆက်ပြီး ရေစင်ပက်ဖျန်းလိုက်ရာ တစ်ယောက်ချင်းပင် အသက်ဝင်၍ ရှင်လာကြလေသတည်း။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ယောက်ျားနှင့် မိန်းမဟူသည်

ရှေးလွန်လေပြီးသောအခါက ပါဠိမြို့လိပုတ်ပြည်၌ မင်းသားငယ်တစ်ပါးသည် ကျေးမငယ်တစ်ကောင်နှင့် ဆက်ရက်ဖိုတစ်ကောင်ကို သူ၏စံအိမ်အတွင်း၌ မွေးမြူထားလေသည်။

ရက်လအတန်ကြာသောအခါ ကျေးမငယ်သည် လှောင်အိမ်အတွင်း၌ နေသားတိုင်သားကျလာ၏။

ထိုအခါ ဥတုအလျောက် ပျော်ရွှင်လိုလာသဖြင့် အတူနေသော ဆက်ရက်ဖိုအား ဘာသာဘာဝ အတူတကွ ပျော်ရွှင်ပေါင်းဖက်ကြရန် ပြောလေသည်။

ဆက်ရက်ဖိုမှာ လှောင်အိမ်တွင်း၌နေရသည်မှာ ရက်လ



www.burmeseclassic.com

www.burmeseclassic.com



ကြာလေလေ ငြီးငွေ့လာလေလေ ဖြစ်နေသည်။ ထိုသို့ မပျော်ရွှင်နိုင်ဖြစ်နေရသည့်ကြားက ကျေးမငယ်စကားကြောင့် ဒေါသမာန်ပွားကာ ...

''ဟယ် ကျေးမ ... သင်တို့မိန်းမများသည် အလွန်ဆိုးသွမ်း ဟော့ရမ်းလွန်းဘိ၏''

ပြောဆိုလိုက်လေသည်။

ထိုအခါ ကျေးမငယ်မှာ ဆက်ရက်ဖို၏စကားကြောင့် မခံမရပ်နိုင်အောင် ဖြစ်သွားလေတော့သည်။

မိမိအား အထင်အမြင်သေး၍ အပြစ်ဆိုရုံမျှမက အခြားသော မိန်းမများကိုပါ သိမ်းကျုံးအပြစ်တင်နေသူ ဆက်ရက်ဖိုအား ...

''ကျွန်ုပ်တို့ မိန်းမတွေထက် ယောကျ်ားတွေက ပိုပြီးဟော့ရမ်းဆိုးပျက်လွန်းဘိ၏။ ရှင့်ကို ကျွန်မ သာဓကတစ်ခုဖြင့် ပြောပြပါမည် ...၊

ရှေးအခါက ... မဓုရပြည်၌ ကုန်သည်ကြီးတစ်ယောက် ရှိပါတယ်၊ အဲဒီကုန်သည်ကြီးမှာ ကြွေအံကစားကြူးတဲ့ သားတစ်ယောက်လည်း ရှိပါတယ်၊ အဲဒီသားကြောင့် ကုန်သည်ကြီးမှာ ပစ္စည်းဥစ္စာ ရွှေငွေရတနာတွေ ဆုံးရှုံးနွမ်းပါးပြီး သူဆင်းရဲ



www.burmeseclassic.com

www.burmeseclassic.com



ဘဝကို ရောက်သွားပါတော့တယ်။ ဒီအခါမှာ လောင်းကစားကြူး တဲ့သားဟာ တစ်တိုင်းတစ်ပြည်ကို ထွက်ခွာသွားပါတော့တယ် …။

တစ်တိုင်းတစ်ပြည်သို့ရောက်တဲ့အခါမှာ သူဌေးကြီး တစ်ဦးနဲ့ တွေ့ဆုံမိကြတယ်၊ အဲဒီသူဌေးကြီးက လောင်းကစား ကြူးတဲ့ လုလင်ကို အထင်ကြီးပြီး သမီးနဲ့ပေးထိမ်းမြားပြီး ကုန် သွယ်မှုကို ပြုစေပါတယ်၊ အစပိုင်းတော့ ကုန်သည်ကြီးသား လုလင်ဟာ ကုန်သွယ်ရောင်းဝယ်မှုကို ကြိုးစားပြီး လုပ်ကိုင်ပါ သေးတယ်၊ နောက်ပိုင်းကျတော့ ရှိရင်းစွဲဝါသနာကို မဖျောက်နိုင် တော့တာနဲ့ ဇနီးသည်ကို ရှိသမျှ လက်ဝတ်လက်စားတွေကို ဆင်ယင်ဝတ်ဆင်စေပြီး ခရီးထွက်မယ်လို့ အကြောင်းပြပြီး အတူ ထွက်လာခဲ့ကြပါတယ် …။

လမ်းခရီးတစ်ဝက်လောက်ရောက်တော့ ဇနီးသည်ဆီက လက်ဝတ်ရတနာတွေကို ဖြုတ်ယူပြီး ဇနီးသည်ကို တောထဲမှာ တစ်ယောက်တည်းထားခဲ့ပြီး ထွက်သွားပါတော့တယ်။ အဲဒီအခါ မှာ ဇနီးဖြစ်သူမှာလည်း မိဘအိမ်ကို ပြန်ခဲ့ရပါတယ်။ ဒါပေမဲ့ … မိဘတွေကိုတော့ သူ့လင်ရဲ့အပြစ်တွေကို တစ်ခွန်းတလေမှ မတိုင်ကြားဘဲ လက်ဝတ်ရတနာတွေကို ခရီးလမ်းမှာ ခိုးသူတွေ



www.burmeseclassic.com

www.burmeseclassic.com



လုယူပြီး သူ့လင်ကိုလည်း ခေါ်ဆောင်သွားကြတယ်လို့သာ ပြော ထားလိုက်ပါတယ် ...။

ကြွေအံကစားကြူးတဲ့ လုလင်ဟာ လမ်းမှာတွေ့တဲ့ ကြွေအံဝိုင်းမှာတင် ဝင်ကစားလိုက်တာ ပါလာသမျှပစ္စည်းနဲ့ ငွေက ကုန်ပါရောရှင်၊ ဒီတော့မှ လုလင်ဟာ အခုအချိန်လောက် ဆို ငါ့မိန်းမ သူ့အိမ်ကို ပြန်ရောက်ဦးမှာ မဟုတ်သေးဘူး၊ သူ့ဆီက လက်ဝတ်ရတနာတွေကို ဖြုတ်ယူသွားတာကိုလည်း သူ့မိဘတွေ မသိနိုင်ကြသေးဘူး၊ ဒီတော့ အိမ်ကို အမြန်ပြန်ပြီး ယောက္ခမဆီက ပစ္စည်းဥစ္စာ အနည်းငယ်တောင်းယူရင် ရနိုင် ကောင်းရဲ့အထင်နဲ့ အိမ်ကို ပြန်ခဲ့ပါတယ် ...။

ဇနီးသည်မှာ မိမိယောက်ျား ပြန်လာတာကိုမြင်တော့ အားရဝမ်းသာ ထွက်ကြိုပါတယ်၊ လုလင်လည်း ဇနီးကို ရုတ်တရက်မြင်ရတော့ ရှက်ကြောက်စိတ်နဲ့ ပြန်လှည့်ပြေးမယ်လို့ ပြုတဲ့အချိန်မှာ ဇနီးက ... အရှင် မပြေးပါနဲ့၊ လက်ဝတ်ရတနာ တွေကို အရှင်ယူသွားတယ်လို့ မပြောခဲ့ပါ၊ ခိုးသားတို့ လုယူသွား တယ်လို့သာ လွှဲပြီးပြောထားပါတယ်၊ ဟန်မပျက် ဆက်ပြီးနေပါ အရှင်လို့ ပြောပြီး သူ့လင်ရဲ့ခြေကို ဆေးပေးပြီး အိမ်ကို တက်စေခဲ့ပါတယ် ...။

ဟိန်းဘောက်ဘွန်း စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ ရက်လအတန်ကြာ နေထိုင်ပြီးတဲ့ နောက်လုလင်ဟာ ကြွေအံကစားလိုစိတ် ပေါ်လာပြန်တာနဲ့ အိမ်က ပစ္စည်းဥစ္စာတွေကို ခိုးယူထွက်ပြေးသွားပြန်ပါတယ်ရှင်''

ကျေးမသည် ပုံပြင်ကို အဆုံးသတ်လိုက်လေသည်။

''ဒီပုံပြင်ကိုကြည့်ခြင်းအားဖြင့် ... ရှင်တို့ ဖိုသတ္တဝါယောကျ်ားမှန်သမျှ လိမ်ညာကောက်ကျစ် သဘောဆိုးလှပါတယ်ရှင်ရယ်''

ပြောဆိုလေသည်။

ထိုအခါ ဆက်ရက်ဖိုက ...

''မိန်းမမည်သော မသတ္တဝါတို့ဟာ တို့ဖိုသတ္တဝါတွေထက် ပိုပြီးပျက်ဘိ၏။ ဟယ် ကျေးမ ... ငါ ညအဆောင်၌ပြောပြမည့် နားထောင်ဘိလော့ ...၊

ရှေးအခါက ယောကျ်ားတစ်ယောက်ဟာ ကွမ်းသီးခြံလုပ်ငန်းဖြင့် ရိုးသားစွာ အသက်မွေးဝမ်းကျောင်းပြုတယ်၊ အဲဒီယောကျ်ားဟာ သူ့မိန်းမကိုလည်း အလွန့်ချစ်မြတ်နိုးသလို လင့်ဝတ္တရားငါးပါး မပျက်စေဘဲ စောင့်ရှောက်ထားပေမယ့် သူ့ဇနီးသည်ကတော့ တစ်ပါးသောယောကျ်ားနဲ့ ဖောက်ပြားလော်လည်နေတဲ့ အကျင့်ပျက်မိန်းမယုတ် ဖြစ်တယ် ...၊

ဟိန်းတောက်ထွန်း စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ တစ်နေ့သောညဥ့်အချိန်မှာ မိန်းမယုတ်ဟာ သူ့လင်ငယ်ယောက်ျားနဲ့ ဥယျာဉ်တွင်းမှာ ချိန်းဆိုတွေ့ဆုံကြတယ်၊ ဒီအဖြစ်အပျက်ကို အိမ်ကိုခိုးရန်လာတဲ့ ခိုးသားက တွေ့တော့ လှံနဲ့ပစ်ပြီး ထွက်ပြေးသွားတယ်၊ အဲဒီလို ... ခိုးသားပစ်ခဲ့တဲ့လှံဟာ လင်ငယ်ယောက်ျားကို ထိမှန်သွားတယ်ဆိုရင်ပဲ မိန်းမဟာ လင်ကြီး မကြားရအောင် လင်ငယ်နဲ့ မျက်နှာချင်းအပ်ပြီး ငိုတယ် ...၊

ဒီလို မိန်းမယုတ်ဟာ လင်ငယ်ရဲ့ မျက်နှာချင်းအပ်ပြီး ငိုနေခိုက် လင်ငယ်ယောက်ျား ရရှိထားတဲ့ ဒဏ်ရာနဲ့တင် သေဆုံးသွားတော့ သေသူပါးစပ်အစေ့လိုက်နဲ့ တစ်ချိန်တည်းကို ဖြစ်သွားတော့ အဲဒီမိန်းမရဲ့ နှာခေါင်းလည်း လူသေရဲ့ပါးစပ်ကွင်းမှာ ပြတ်ကျန်ရစ်ခဲ့တော့တယ်လေ ...၊

နောက်တစ်နေ့ မိုးလင်းလာတဲ့အခါမှာတော့ မိန်းမယုတ်ဟာ ရိုးသားတဲ့လင်ကြီးဖြစ်သူကို အကြောင်းမဲ့ ရန်လုပ်ပြီး ပြည့်ရှင်မင်းထံ တိုင်ကြားပါလေရော ကျေးမရဲ့ ...၊

မိန်းမယုတ်က ဘယ်လိုတိုင်ကြားသလဲဆိုတော့ ... 'မိမိယောက်ျားဟာ မိမိကို အပြစ်မဲ့ နှေ့စဉ်ရက်ဆက် ဆဲဆိုရိုက်နှက်နေပါတယ်၊ ဒါကို လုံးပ သည်းခံပြီး မတုံ့ပြန်ခဲ့ပါ၊ ယခုမူ



www.burmeseclassic.com

www.burmeseclassic.com



ဆဲဆိုရိုက်နှက်ရုံသာမက နှာခေါင်းကိုပါ လှီးဖြတ်လိုက်ပါတယ်လို့ လျှောက်ထားတိုင်ကြားပါတော့တယ် ...၊

ဒါကို ပြည့်ရှင်မင်းကလည်း မစုံစမ်း, မမေးမြန်းဘဲ လင်ယောကျ်ားဖြစ်သူကို အလွန်ဆိုးသွမ်း ရက်စက်သူအဖြစ် သတ်မှတ်ပြီး အပြစ်ဒဏ်ပေးတော်မူလိုက်ပါတယ်၊ ဒီသတင်းကို ကြားရတဲ့ ခိုးသူဟာ မခံမရပ်နိုင်အောင် ဖြစ်လာတာနဲ့ ပြည့်ရှင်မင်းထံ ဝင်ရောက်ခစားပြီး အဖြစ်မှန်ကို အစမှအဆုံးအထိ လျှောက်တင်လိုက်တယ် ...၊

မင်းကြီးလည်း သေသူယောကျ်ားထံသို့ မင်းချင်းရဲမက်တွေကို ခေါ်ပြီး ပါးစပ်တွင်းမှ နှာခေါင်းပြတ်ကို သက်သေအဖြစ် ထုတ်ယူစစ်ဆေးတော်မူပါတယ်၊ အဲဒီလို အဖြစ်မှန်, အမှုမှန်ပေါ်လာတော့မှ မင်းကြီးလည်း အကျင့်ပျက်မိန်းမယုတ်ကို အပြစ်ဒဏ်ပေးတော်မူပြီး လင်ယောကျ်ားကို အပြစ်မှ လွှတ်လိုက်ပါတော့တယ်''

ဆက်ရက်ဖိုသည် ပုံပြင်သက်သေကို အဆုံးသတ်ပြီးနောက် ...

''ဟယ် ကျေးမ ... ဤပုံပြင်ဥပမာကို ကြည့်ပါက သိသာစွာ ပေါ်လာသည်က သင်တို့ 'မ' မျိုးသည် အဆတိုး၍



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ ဖိုသတ္တဝါတွေထက် ကောက်ကျစ်ယုတ်မာ ဆိုးဝါးလှဘိတယ်''

ချေပပြောဆိုလိုက်လေတော့သတည်း။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ပဒုမ္မဒေဝီ

ရှေးလွန်လေပြီးသောအခါက မင်းသားတစ်ပါးသည် အမတ်သားတစ်ယောက်နှင့်အတူ တောကစားထွက်လာကြရာမှ တောကျွံပြီး တိုင်းတစ်ပါးသို့ ရောက်သွားကြတော့၏။

ခရီးလမ်းတစ်လျှောက်လုံး ပင်ပန်းဆင်းရဲစွာ လာကြရာမှ ကြာမျိုးငါးပါးနှင့်ပြည့်စုံသော ရေကန်ကို တွေ့သဖြင့် ကိုယ်လက်သန့်စင်ကြလေသည်။

မင်းသားလေးသည် ရေကန်၏တစ်ဖက်ကမ်းတွင် အခြွေအရံများဖြင့် ရေချိုးကစားနေသည့် နတ်သမီးတမျှချောမောလှပလွန်းသည့် မိန်းမပျိုလေးကိုမြင်လျှင် မြင်ချင်းပင် မေတ္တာသက်ဝင်



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခင်မိတော့၏။

တစ်ဖက်မှ ရေကစားနေသည့် မိန်းမပျိုသည်လည်း မင်းသားလေး၏အမူအရာကို မြင်ရုံမျှနှင့်ပင် မိမိအား စုံမက်သည့် အဖြစ်ကို သိနေလေသည်။ ထို့ကြောင့်ပင် ကြာပွင့်ကို အမြစ်မှ ပါအောင် နုတ်လိုက်သည်။ ပြီးမှ သွားဖြင့် ကိုက်ဖြတ်၍ နားနှစ်ဖက်တွင် ပန်ပြီးမှ ရင်တွင်သပ်၍ နောက်ပြန်ပစ်ကာ အခြွေအရံများနှင့်အတူ ထွက်သွားလေသည်။

ထိုကဲ့သို့ မိန်းမငယ်၏ထူးခြားသည့် ပြုမူဟန်တို့ကို မင်းသားလေးမှာ မြင်သော်လည်း နားမလည်ပေ။ အနီးရှိ အမတ်ပညာရှိကြီး၏သားသည် ဖခင်ကဲ့သို့ပင် ပညာဉာဏ် ထက်မြက်သူဖြစ်သည်။

ထိုအခါ အာမတ်ကြီးသားက . . .

''အရှင်မင်းသား . . . ဤမိန်းမပျိုသည် ကြာပန်းကို အမြစ်မှပါအောင် နုတ်ယူသည့်အဓိပ္ပာယ်မှာ ဤတိုင်းပြည်ကြီးသည် 'သိမ်ရာပြည်ကြီး ဖြစ်သည်' ဟု ဆိုခြင်းဖြစ်ပါသည်၊ ကြာရိုးကို သွားဖြင့် ကိုက်ဖြတ်လိုက်သည် ဆိုလိုချက်မှာ 'အဘသည် နန္ဒယာတအမတ်ကြီး ဖြစ်သည်' ဟု ဆိုလိုပါသည်၊ တစ်ဖန် နားနှစ်ဖက်တွင် ကြာပန်းကို ပန်လိုက်ခြင်းသည် 'ဤပြည့်ရှင်မင်း



www.burmeseclassic.com

www.burmeseclassic.com



မှာ ကဏ္ဏာဉက္ကာလမင်း' ဟု ညွှန်ပြခြင်းပင် ဖြစ်ဘိသည်၊ ရင်ကို ကြာပန်းနှင့်သပ်လိုက်သည်မှာလည်း 'မိမိအမည်သည် ပဒုမ္မဒေဝီ' ဟုဆိုခြင်းပင်၊ ပြီးမှ ကြာပွင့်ကို နောက်ပြန်ပစ်ပြီးမှ သွားသည်မှာ 'မိမိအား တကယ်ချစ်မြတ်နိုးပါက ဤအချက်အလက်တို့ကို ဆက်စပ်၍ ရောက်အောင်လာခဲ့ပါ' ဟု မှာကြားသွားခြင်းပင် ဖြစ်ပါသည် အရှင်မင်းသား"

ရှင်းလင်းပြောဆိုလေသည်။

ထိုအခါ မင်းသားက အမတ်ပညာရှိကြီး သားအား . . .

"အမောင် . . . ငါ ထိုမိန်းမငယ်ကို စွဲလမ်းနှစ်သက်မိလေပြီ၊ နိုးစပ်ဖို့အရေး ဆောင်ရွက်ပေးပါဘိလော့"

တောင်းပန်လေသည်။

အမတ်ပညာရှိကြီးသားက . . .

"အို အရှင်မင်းသား . . . စိုးရိမ်တော်မမူလင့်"

ဆိုသဖြင့် မင်းသားလည်း ဝမ်းသာရွှင်ပျကာ အမတ်ကြီးသား ခေါ်ဆောင်ရာသို့ လိုက်ခဲ့လေသည်။

အိမ်တစ်ဆောင်ရှေ့သို့ ရောက်လာကြသောအခါ စုံစမ်းမေးမြန်းရန်အတွက် အိမ်ခြံဝင်းအတွင်းသို့ ဝင်မည်ပြုကြသည်။ ထိုအခါ ခြံဝင်းအတွင်းသို့ ဝင်လာကြသော ယောကျ်ားသား



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်အား အိမ်ရှင်မိန်းမကြီးမြင်လေလျှင် ...

"အို အမောင်တို့ ... မောင်တို့ ထိုနေရာမှာပင် ရပ်တန့်ကြပါဘိ၊ ကျွန်ုပ်မှာ ဆင်းရဲလွန်းသဖြင့် အဝတ်မျှပင် မဝတ်ဘဲ နေရဘိ၏"

မင်းသားနှင့် အမတ်ကြီးသားတို့လည်း ကိုယ်ရုံအဝတ်ကို ပစ်ပေးပြီးမှ အိမ်အတွင်းသို့ ဝင်လာကြပြီး သိလိုသည်တို့ကို မေးမြန်းစုံစမ်းကြည့်ကြလေသည်။

အိမ်ရှင်မိန်းမကြီးက ...

"ဒီတိုင်းပြည်ဟာ သိခ်ရာပြည်ကြီး ဖြစ်ပါတယ်၊ ကဏ္ဍဥက္ကာလမင်း အုပ်စိုးပါတယ်၊ ကျွန်ုပ်ဟာ တစ်ချိန်က နန္ဒဃာတ အမတ်ကြီးရဲ့သမီး ပဒုမ္မဒေဝီရဲ့ အထိန်းတော်ကြီး ဖြစ်ခဲ့ပါတယ်၊ ကြွေအံကစားကြမ်းသော သားဆိုးတစ်ယောက်ကို မဆုံးမနိုင်တာနဲ့ သခင်မလေး ပဒုမ္မဒေဝီက အမျက်ပွားပြီး နှင်ထုတ်လိုက်တာကြောင့် အခုလို ဆင်းရဲခြင်းဘဝကို ရောက်နေရပါတယ်၊ ဆိုးမိုက်လွန်းတဲ့သားဟာ ဝတ်ထားတဲ့ထဘီကိုပင် ယူပြီး ကြွေအံကစားလိုက်တဲ့အတွက် အဝတ်မျှပင် မဝတ်ရဘဲ ရှိနေရပါတယ်"

ပြောပြလေ၏။

သည်တွင် အမတ်ပညာရှိကြီးသား ပြောပြချက်နှင့် အိမ်



www.burmeseclassic.com

www.burmeseclassic.com



ရှင်မိန်းမကြီး ပြောပြချက်တို့မှာ ထပ်တူထပ်မျှ ဖြစ်နေသဖြင့် မင်းသားလေးမှာ များစွာဝမ်းမြောက်ဝမ်းသာ ဖြစ်မိလေသည်။

ဤသို့ဖြင့် ထိုအိမ်၌ပင် တည်းခိုခွင့်တောင်း၍ အသပြာများ ထုတ်ပေးပြီး စားသောက်ရန်အတွက် စီမံစေပြီး ထိုအိမ်၌ပင် နေထိုင်တည်းခိုကြလေသည်။

နောက်တစ်နေ့တွင်မူ အမတ်ပညာရှိကြီးသားသည် အဖိုးများစွာ ထိုက်တန်သော လက်ဆောင်ပစ္စည်းများကို ဝယ်ယူပြီးနောက် အိမ်ရှင်မိန်းမကြီးအား ပေးပြီးလျှင် . . .

"အို အထိန်းတော်ကြီး . . . ပဒုမ္မဒေဝီထံသို့သွား၍ ယမန်နေ့က ရေကန်၏တစ်ဖက်ကမ်းမှ မင်းသားက ဆက်သခိုင်းလိုက်ဘိသည်ဟုဆိုပြီး ဤလက်ဆောင်ပစ္စည်းများကို ပေးပါဘိလော့"

တောင်းပန်ပြောဆိုလေသည်။

အိမ်ရှင်မိန်းမကြီးလည်း . . .

"ဤမင်းသားလေးနှင့် အမတ်ကြီးသမီးတို့သည် ရေကန်တွင်တွေ့ကာ ရည်ငံခဲ့ကြဟန် ရှိဘိ၏။ မိမိ ဝင်ရောက်အကျိုးဆောင်လျှင် အမတ်ကြီးသမီးသည် မိမိအပေါ်တွင် အမျက်ပြေ၍ အနီးတွင် ပြန်ခေါ်ထားသည်မှာ မုချပင် ဖြစ်မည်"



www.burmeseclassic.com

www.burmeseclassic.com



ဟု စဉ်းစားမိပြီး . . .

"ဆိုသည့်အတိုင်း ဆောင်ရွက်ပေးပါမယ်"

ကတိပေးပြီးနောက် ပဒုမ္မဒေဝီထံသို့ လက်ဆောင်ပစ္စည်းများကိုယူ၍ ထွက်ခဲ့လေသည်။

နန္ဒယာတအမတ်ကြီး အိမ်သို့ရောက်သောအခါ ပဒုမ္မဒေဝီထံ ဝင်၍ ပညာရှိအမတ်ကြီးသား မှာကြားလိုက်သည့်အတိုင်း ပြောဆို၍ လက်ဆောင်ပဏ္ဏာတို့ကို အပ်လိုက်၏။

အထိန်းတော်ကြီးထံမှ လက်ဆောင်များနှင့် မှာကြားပြောဆိုလိုက်သောစကားကို ကြားလိုက်ရသောအခါ ပဒုမ္မဒေဝီမှာ ဝမ်းသာလွန်းသဖြင့် ပေးလာသော လက်ဆောင်ပစ္စည်းတို့ကို လျင်မြန်စွာ ကောက်ယူသိမ်းဆည်းပြီးမှ နောက်တစ်ဖန် လွန်စွာအမျက်ထွက်သော အမူအရာဖြင့် . . .

"ဟယ် ကျွန်ယုတ်မ . . . နင့်ကို ငါ နှင်ထုတ်လိုက်ပြီး ချိန်မှစပြီး နင့်မျက်နှာကို မမြင်ချင်မှန်း သိပါလျက်နဲ့ ဘာအကြောင်းချက်ကို ဆို၍လာဘိသနည်း"

အော်ငေါက်ပြောဆိုပြီးနောက် လက်ငါးချောင်းကို ထုံးဖြူသုတ်ပြီး မိန်းမကြီးပါးစပ်တွင် ဆွဲလိုက်သည်။ ပြီးမှ အခြားလက်သုံးချောင်းဖြင့် အိုးမည်းသုတ်ပြီး ကျန်ပါးတစ်ဖက်ကို ဆွဲခြစ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး အိမ်နောက်ဘက်ထရံပေါ်မှ ကျော်ချစေပြီးနောက် ...

"နှင့်အိမ်ကို အမြန်ရောက်အောင်ပြန်တော့၊ တစ်ခေါက် အပြင် နှစ်ခေါက်ပြန်မလာခဲ့နဲ့"

အော်ဟစ်၍ လွှတ်လိုက်လေ၏။

မျက်နှာကောင်းရလေနိုးဖြင့် ပဒုမ္မဒေဝီထံ လက်ဆောင် ဆက်သရန် သွားခဲ့ရာ မျက်နှာကောင်းရရန် ဝေးစွ၊ ကြိမ်းမောင်း ခံရရုံမျှမက မျက်နှာတွင် ထုံးဖြူတစ်ဖက်၊ အိုးမည်းတစ်ဖက် သုတ်ကာ ဒဏ်ပေးလိုက်ရသဖြင့် ငိုယို၍ဝင်လာသော အိမ်ရှင် မိန်းမကြီးကို မင်းသားလေး မြင်သောအခါ အကြောင်းမလှမှန်း သိ၍ စိတ်ပျက်အားငယ်သွားလေတော့သည်။

နန္ဒဃာတအမတ်ကြီးသမီး ပဒုမ္မဒေဝီထံမှ မချေမင် ပြောစကားနှင့် အပြုအမူတို့ကိုပါ ကြားရပြန်သောအခါ နား မလည်နိုင်လောက်အောင် ဖြစ်သွားရပြန်၏။

ပညာရှိအမတ်ကြီးသားကမူ အိမ်ရှင်မိန်းမကြီး ပြောပြ သည့် ပဒုမ္မဒေဝီ၏ ပြုမူပုံနှင့် ပြောစကားတို့ကို ကြားလိုက်ရသည် နှင့် ပြုံးတုံ့တုံ့ ဖြစ်သွား၏။

ထိုအခါ မင်းသားလေးက ...

"ပဒုမ္မဒေဝီ၏ ပြုမူပြောဆိုချက်တို့သည် ထူးခြားလှဘိ



www.burmeseclassic.com

www.burmeseclassic.com



၏၊ အမောင်သိလျှင် ရှင်းပြဘိလော့''

''အို အရှင်မင်းသား ... ခက်ခဲသည့်ပြဿနာမဟုတ်ပါ၊ ပေးလာသော လက်ဆောင်တို့ကို အလျင်အမြန် ကောက်ယူသိမ်းဆည်းလိုက်ခြင်းက ချစ်ခင်နှစ်လိုသည့် အတွင်းစိတ်သဏ္ဍာန်အမှန်ပင် ဖြစ်ဘိသည်၊ ပြီးလေမှ လွန်စွာ အမျက်ထွက်ခြင်းသည် အပေါ်ယံ လွှမ်းခြုံဟန်ဆောင်ခြင်းသာ ဖြစ်ဘိ၏၊ အတွင်းစိတ်က ဝမ်းမြောက်ဝမ်းသာရှိ၍သာ လက်ဆောင်တို့ကို ယူထားလိုက်ခြင်းမှတ်ရသည်၊ နောက် ထုံးဖြူကို လက်ငါးချောင်းဖြင့်တို့ကာ မျက်နှာတစ်ဖက်ကိုသုတ်လိုက်သည့် သဘောအဓိပ္ပာယ်က ယခုလဆန်း ဆယ်ရက်လွန်လေပြီး လပြည့်ရန် ငါးရက်သာ လိုတော့၏။ စောင့်ပါဦးဟု ဆိုလိုခြင်းဖြစ်တယ် အရှင်မင်းသား ...၊

ထို့နောက် လက်သုံးချောင်းကို အိုးမည်းသုတ်ပြီး တစ်ဖက်ပါးကို တို့သုတ်လိုက်သည့် ဆိုလိုချက်မှာ လဆုတ်သုံးရက်နေ့တွင် လာခဲ့ပါဟု ဆိုလိုခြင်းဖြစ်ဘိ၏၊ ပြီးမှ အနောက်ထရံက ကျော်ချစေခြင်းမှာ လာရန်လမ်း ညွှန်ပြခြင်းသာ ဖြစ်ပါတယ်၊ တစ်ခေါက်အပြင် နှစ်ခေါက်ပြန်မလာခဲ့နဲ့ဟု ဆိုလိုက်သည်မှာ မှာကြားပြောဆိုရန် မရှိတော့၊ ပြီးပြီ၊ ပြတ်ပြီဟု ဆိုလိုခြင်းဖြစ်ပါတယ် မင်းသား''

ဟိန်းတောက်ထွန်း စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပညာရှိအမတ်ကြီးသား ရှင်းပြသောစကားကို ကြားရလျှင် မင်းသားလေးမှာ ဝမ်းသာရွှင်ပျစွာနှင့် လဆုတ်သုံးရက်နေ့ကို စောင့်ဆိုင်းလေတော့၏။

ဤသို့ဖြင့် လဆုတ်သုံးရက်နေ့ညသို့ ရောက်ခဲ့လေသည်။ မင်းသားသည် အမတ်ပညာရှိကြီးသား လမ်းညွှန်ချက်အရ ပဒုမ္မဒေဝီထံ အနောက်ဘက်ထရံကို ကျော်၍ ဝင်သွားလေသည်။ ပဒုမ္မဒေဝီလည်း များစွာ အံ့ဩဝမ်းသာသွားသည်။

"တော်ပါပေသည် မောင်တော်"

ချီးမွမ်းစကား ဆိုလေသည်။

မင်းသားက အမှန်အတိုင်းပင် ပညာရှိအမတ်ကြီးသား ဉာဏ်သာဖြစ်ကြောင်း ပြောပြလိုက်၏။

ထိုအခါ ပဒုမ္မဒေဝီသည် စဉ်းစားမိသည်။

"အမိနှင့်အဖသည် ငါ့အား အလွန်ပင် ချစ်ကြဘိ၏၊ မောင်တော်မင်းသားနှင့် မေတ္တာမျှခဲ့သော် သူ့တိုင်းပြည်သို့ လိုက်ရပေတော့မည်၊ ငါသည် အမိအဖတို့အားလည်း မခွဲနိုင်၊ သူ့ကိုလည်း ချစ်မြတ်နိုးသည်၊ အမိအဖတို့ကလည်း ငါနှင့်ခွဲ၍ တစ်ပါးတိုင်းပြည်သို့မပြောနှင့် နှစ်အိမ်ခွဲ၍ပင် နေနိုင်ကြမည် မဟုတ်၊ သို့အတွက် မင်းသားအပါး၌ ပညာဉာဏ်ထက်မြက်



www.burmeseclassic.com

www.burmeseclassic.com



သော ပညာရှိအမတ်ကြီးသား ရှိနေလို့ကတော့ သူ့တိုင်းပြည်သို့ လိုက်အောင် ခေါ်မည်မှာ မလွဲကေန်ပင်၊ အကယ်၍ ဤပညာရှိ အမတ်ကြီးသားသာ မရှိပါမူ မောင်တော်မင်းသားမှာ ငါ၏ ဤ တိုင်းပြည်၌သာ နေမည်သာဖြစ်၏''

တွေးတောမိပြီးနောက် ပညာရှိအမတ်ကြီးသားထံသို့ အဆိပ်ခတ်ထားသော ထမင်းပွဲကို ပို့စေလေသည်။

ပညာရှိအမတ်ကြီး သားသည်လည်း ထူးခြားလှစွာ ရောက်လာသော ထမင်းပွဲကို မစားသေးဘဲ အနည်းငယ်မျှ သော ထမင်းနှင့်အမဲဟင်းလျာကို ကြောင်တစ်ကောင်ကို ချ ကျွေးကြည့်သည်။ တစ်ခဏချင်းပင် ကြောင်သေဆုံးသွား၏။

ပညာရှိအမတ်ကြီးသားလည်း မိမိအား ပဒုမ္မဒေဝီ သတ် ရန်ကြံသည်ကို သိရလေသည်။ သို့သော် မိမိအား သေစေလို သည့် အကြောင်းအရင်းခံသဘောကိုလည်း ချင့်တွက်မိလိုက် သည်။ ထို့ကြောင့် မင်းသားအား '...

''အရှင်မင်းသား ... ပဒုမ္မဒေဝီသည် ကျွန်ုပ်အား သတ် လိုသဖြင့် ဤထမင်းအုပ်ကို ပို့ဘိ၏၊ ကံနှင့်ဉာဏ်စောင့်၍သာ ငါ မသေ၊ အကြောင်းမှာ သူ့မိဘတို့နှင့် မကွဲကွာစေဘဲ အရှင် မင်းသားနှင့် အတူနေလို၍ ဖြစ်ဘိ၏။ သည်နေရာတွင် ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



သည့် ကြီးစွာသော အတားအဆီးတစ်ခုဖြစ်နေ၍ ဤသို့ သတ်ရန် ကြံခြင်းဖြစ်၏၊ သူ့ကိုလည်း မျက်တော်မမူပါနှင့် အသင်မင်းသား၊ သို့သော် ကျွန်ုပ်တို့တိုင်းပြည်ကို ပါအောင်ခေါ်ချိမ့်မည်''

ပြောပြီး အနည်းငယ်မျှ စဉ်းစားပြီးနောက် ပညာရှိအမတ်ကြီးသားက ...

''အို အရှင့်သား ... ပန်းပဲဖိုမှာ သံဆတ်တစ်ခုကို ပေး၍ ညအခါ ပဒုမ္မဒေဝီထံသွားလျှင် သံဆတ်ကို မီးရဲရဲတွင်ထားပြီး ပဒုမ္မဒေဝီ အိပ်ပျော်နေခိုက်တွင် သူ့လည်ဆွဲရတနာကို ယူပြီး မီးဖုတ်ထားသောသံဆတ်ဖြင့် သူ့တင်ပါးကို ကပ်ခဲ့ပြီး ကျွန်ုပ်ထံ အမြန်ပြန်ပြေးခဲ့ဘိလော့''

မှာကြားပြောဆိုလိုက်၏။

မင်းသားလည်း ချိန်းဆိုထားသည့်အတိုင်း ညအခါတွင် ပဒုမ္မဒေဝီထံသို့သွား၍ ပညာရှိအမတ်ကြီးသား မှာသည့်အတိုင်း ပဒုမ္မဒေဝီ အိပ်ပျော်နေသည်ကို မနှိုးတော့ဘဲ လည်ဆွဲရတနာကို ဖြုတ်ယူထားပြီး ပဒုမ္မဒေဝီ၏တင်ပါးအား သံဆတ်ပူပူဖြင့် ကပ်ပြီး ထရံကို ခုန်ကျော်၍ အမြန်ပြေးခဲ့လေသည်။

ပညာရှိအမတ်ကြီးသားထံသို့ ရောက်သောအခါ အမတ်ကြီးသားက ...



www.burmeseclassic.com

www.burmeseclassic.com



"အရှင့်သား . . . ဤလည်ဆွဲရတနာကို လူတကာမြင်အောင် ကိုင်ဆောင်ပြီး မြို့တွင်းသို့ လှည့်လည်သွားပါ၊ ကျွန်ုပ်က သုသာန်သို့သွား၍ ရသေ့အဝတ်ဝတ်ပြီး တရားအားထုတ်ဟန်ဆောင်နေမည်၊ ဤလည်ဆွဲရတနာတို့ကြောင့် အရှင့်သားအား ဖမ်းခဲ့သော် ကျွန်ုပ်ထံမှ ဝယ်ခဲ့သည်ဟုဆိုပြီး သုသာန်ဆီသို့ ညွှန်လိုက်ပါ"

ထိုသို့မှာကြားပြောဆိုပြီး လွှတ်လိုက်လေသည်။ ကိုယ်တိုင်လည်း သုသာန်သို့သွား၍ ရသေ့အသွင်ဖြင့် တရားအားထုတ်ဟန်ပြု၍နေလေသည်။

မင်းသားလည်း ပညာရှိအမတ်ကြီးသား မှာသည့်အတိုင်းပင် လည်ဆွဲရတနာကို ကိုင်ဆောင်၍ မြို့တွင်းလှည့်လည်သောအခါ နန္ဒယာတအမတ်ကြီးသမီး၏ လည်ဆွဲရတနာပျောက်ကို ရှာနေကြသော မင်းချင်းရဲမက်များနှင့် တွေ့သဖြင့် ခိုးသူဟုဆိုကာ ဖမ်းကြလေသည်။

မင်းသားက . . .

"ငါ ခိုးလာသည်မဟုတ်ပါ၊ ရသေ့တစ်ဦးထံမှ ဝယ်ခဲ့ခြင်းဖြစ်ဘိ၏၊ မယုံလျှင် သူ့ထံသို့ ငါလိုက်ပြပါမည်"

ပြောဆိုပြီး ပညာရှိအမတ်ကြီးသားရှိရာ သုသာန်သို့



www.burmeseclassic.com

www.burmeseclassic.com



ညွှန်ပြလိုက်လေသည်။

ရသေ့ဟန်ဆောင်ထားသော ပညာရှိအမတ်ကြီးသားက လည်း ဟုတ်မှန်ကြောင်း ဝန်ခံလိုက်လေသည်။ မင်းချင်းရဲမက်တို့လည်း ဖမ်းဆီးလိုက်ကြသည်။

ထိုအခါ ရသေ့ဟန်ဆောင်ထားသော ပညာရှိအမတ်ကြီးသားက ကဏ္ဍဥက္ကာလမင်းကြီးနှင့် တွေ့လိုပြီး လျှောက်တင်စရာရှိနေပါသေးသည်။ မင်းကြီးထံသို့ ပို့ပေးပါဆိုသဖြင့် နန်းတော်တွင်းသို့ ခေါ်ဆောင်သွားကြသည်။

နန်းတော်တွင်းသို့ ရောက်သောအခါ မင်းကြီးက လျှောက်တင်လိုသည့်အကြောင်းအရာကို တင်စေသောအခါ . . .

''မှန်လှပါ အရှင်မင်းမြတ် . . . ညက သုသာန်တွင် ကျွန်ုပ် တရားကျင့်ကြံနေခိုက်မှာ လှပသော မိန်းမငယ်တစ်ယောက် ရောက်လာပြီး နေ့လယ်က မြှုပ်ခဲ့သော လူသေကောင်ထံမှ သွေးတို့ကို စုပ်နေပါတော့တယ် . . .၊

ကျွန်ုပ်က သွားပြီး မိန်းမငယ်ရဲ့လည်ကို မြဲမြဲစွာ ကိုင်ပြီး အသေသတ်မည် ပြုတဲ့အခါ အဲဒီမိန်းမငယ်က ကျွန်မကို သတ်ပါအံ့၊ ကျွန်မ စုန်းတောက်စားမိ၍ မနေနိုင်ဖြစ်လာပြီး ဤသို့ပြုရခြင်းဖြစ်ပါတယ်လို့ တောင်းပန်ကာ ဤလည်ဆွဲရတနာ



www.burmeseclassic.com

www.burmeseclassic.com



ကို ပေးခဲ့ခြင်းဖြစ်ပါတယ် အရှင်မင်းကြီး၊ သူ့အမည်မှာ ပဒုမ္မဒေဝီ ဖြစ်ပြီး အဖမှာ နန္ဒဃာတအမတ်ကြီးဖြစ်ကြောင်းလည်း ပြောခဲ့ပါတယ်၊ ကျွန်ုပ်ကိုလည်း အထပ်ထပ်တောင်းပန်လာတာကြောင့် မသတ်ပါ၊ အသင့်မီးဖုတ်ထားပြီးသားရှိသည့် သံဆတ်ဖြင့် တင်ပါးအား တစ်ချက်ကုပ်၍ လွှတ်လိုက်ပါသည်။ မယုံကြည်သည်ရှိသော် ထိုမိန်းမငယ်အား ခေါ်ယူစစ်ဆေးတော်မူကြည့်ပါ အရှင်မင်းကြီး''

လျှောက်တင်လိုက်လေသည်။

မင်းကြီးလည်း ပညာရှိအမတ်ကြီးသားဆိုသည့်အတိုင်း နန္ဒဃာတအမတ်ကြီးသမီး ပဒုမ္မဒေဝီကို ခေါ်ယူစစ်ဆေးကြည့်ရာ တင်ပါးတွင် သံဆတ်ရာ အမှတ်အသားတံဆိပ်ကို တွေ့မြင်တော်မူသဖြင့် ရသေ့ယောင်ဆောင်ထားသော ပညာရှိအမတ်ကြီးသား ပြောသည့်အတိုင်း မှန်ကန်နေသဖြင့် ပဒုမ္မဒေဝီအား စုန်းမဟု အထင်မှား၍ သတ်စေဟု အမိန့်တော်မှတ်လေသည်။

ထိုအခါ ရသေ့သူတော်ယောင်ဆောင်ထားသော ပညာရှိအမတ်ကြီးသားက ...

''အို အရှင်မင်းမြတ် ... မင်းတို့မည်သည် မိန်းမကိုလည်း သေအောင်မသတ်သင့်၊ ပုဏ္ဏားကိုလည်း မသတ်အပ်၊



www.burmeseclassic.com

www.burmeseclassic.com



ရမာန်းတို့ကိုလည်း မသတ်ရာသည်ကို ဉာဏ်ပညာဖြင့် သတိချပ်စေလိုဘိသည် အရှင်မင်းကြီး''

ထိုအခါ မင်းကြီးက ...

''သင့်မြတ်မှန်ကန်လှဘိတယ် ရသေ့မြတ်''

မိန့်တော်မူပြီး မျိုးဆက်ပြန့်မည်စိုး၍ ပဒုမ္မဒေဝီအား တိုင်းပြည်မှ နှင်ထုတ်တော်မူလေသည်။

ပဒုမ္မဒေဝီ တောသို့ရောက်သည့်အချိန်လောက်တွင် မင်းသားနှင့် ပညာရှိအမတ်ကြီးသားတို့သည် တောသို့ အမီလိုက်၍ ပဒုမ္မဒေဝီအား ရှာဖွေကာ မိမိတိုင်းပြည်သို့ ချော့မော့ခေါ်ဆောင်သွားလေတော့သတည်း။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

# ပညာရှိအာမတ်ကြီး
# နှင့်
# ပုဏ္ဏားလှလင်သုံးဦး



www.burmeseclassic.com

www.burmeseclassic.com

## ပညာရှိအမတ်ကြီးနှင့် ပုဏ္ဏားလုလင်သုံးဦး

ရှေးလွန်လေပြီးသောအခါက ပုဏ္ဏားအိုကြီးတစ်ယောက် ရှိလေသည်။ ထိုပုဏ္ဏားအိုကြီး၌ မိန်းမမြတ်တို့၏ အင်္ဂါလက္ခဏာ တို့နှင့်ပြည့်စုံပြီး ချောမောလှသည့် သမီးပျိုတစ်ယောက်လည်း ရှိသည်။

တစ်နေ့သောအခါ ပုဏ္ဏားအိုကြီးထံ ပုဏ္ဏားလုလင်တစ် ယောက် ရောက်ရှိလာပြီး ...

''အို အရှင်ပုဏ္ဏားကြီး ... ကျွန်တော့်အား ခိုင်းလိုရာကို ခိုင်းပါ၊ ကျွန်တော် မငြင်းမပယ် ဆောင်ရွက်ပါ့မယ်'

ပုဏ္ဏားကြီးထံ ခွင့်တောင်းလေသည်။ ပုဏ္ဏားကြီးလည်း



www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏားလုလင်၏ ပြောစကားကို သဘောကျသဖြင့် အိမ်၌ပင် နေစေလေသည်။

နောက်တစ်နေ့တွင်လည်း ပုဏ္ဏားလုလင်တစ်ယောက် ထပ်မံရောက်လာပြန်၏။ ပထမရောက်လာသော ပုဏ္ဏားလုလင် ပြောသကဲ့သို့ပင် ပုဏ္ဏားအိုကြီးအား ပြောဆိုခွင့်တောင်းပြီး အိမ်၌ ပင် နေစေ၏။

တတိယမြောက်နေ့တွင်လည်း ...

ပုဏ္ဏားလုလင်တစ်ယောက် ရောက်လာပြန်သည်။ ပထမလုလင်နှင့် ဒုတိယလုလင်တို့ ပြောသကဲ့သို့ပင် ပုဏ္ဏား အိုကြီးအား ပြောဆိုခွင့်တောင်းပြန်သည်။ ပုဏ္ဏားအိုကြီးကလည်း သဘောတူ လက်ခံလိုက်ပြန်သည်။

တဖြည်းဖြည်းနှင့် အခြေအနေမှာ ခက်လာတော့၏။

မိမိအိမ်သို့ ရောက်လာကြသော ပုဏ္ဏားလုလင်တို့သည် သုံးယောက်စလုံး၌ အရည်အချင်းလည်း တူကြသည်။ ကြိုးစား အားထုတ်မှု၌လည်း တူညီနေကြပြန်သည်။

ပုဏ္ဏားလုလင်က သုံးယောက်။

သမီးက တစ်ယောက်။

ပထမလုလင်နှင့် ပေးစားရမည်လော၊ ဒုတိယလုလင်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ပေးစားရမည်လော၊ တတိယလုလင်နှင့် ပေးစားရမည်လော။

ဝေခွဲမရနိုင်အောင် ရှိနေတော့၏။

ဤသို့နှင့်ပင် နေ့ရက်တို့ ကုန်သွားသည်။

တစ်နေ့သောအခါတွင် ပုဏ္ဏားအိုကြီး၏ သမီးချောလေးမှာ နာဖျားပြီး ရုတ်တရက် ကွယ်လွန်သွားလေတော့သည်။

ပုဏ္ဏားအိုကြီးပင် ကံကောင်းလေသလား။

ပုဏ္ဏားလုလင်တို့ ကံဆိုးလေသလားဟူ၍တော့ မပြောတတ်တော့ပေ။

လုလင်သုံးယောက်နှင့် သမီးပျိုတစ်ယောက် ပြဿနာမှာ ပုဏ္ဏားအိုကြီးအတွက် ပြေလည်သွားလေတော့သည်။

ထိုအခါ ပထမပုဏ္ဏားလုလင်သည် ဤသို့ စဉ်းစားမိလေသည်။

"ငါသည် ဤပုဏ္ဏေးမလေးကို မှီ၍ ပုဏ္ဏားကြီးထံ၌ ခိုင်းသမျှ လုပ်ကိုင်ပေးနေခဲ့ရသည်မှာ နှစ်တို့ပင် အလီလီပြောင်းခဲ့ရလေပြီ၊ ယခု သူ မရှိတော့၊ အဘယ်သို့ ပြုလုပ်ပေးဖွယ်ရှိတော့အံ့နည်း၊ မိဘရပ်ထံ ပြန်တော့မည်"

ဆင်ခြင်တွေးတောပြီး ပုဏ္ဏားကြီးအိမ်မှ ထွက်သွားလေတော့သည်။

ဟိန်းတောက်ထွန်း စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယပုဏ္ဏားလုလင်သည်လည်း ...

"ငါသည် ပုဏ္ဏေးမလေးအား များစွာ ချစ်ခင်မြတ်နိုးသည်၊ အလွန်လည်း နှစ်သက်တွယ်တာသည့်အတွက် သူ့ဖခင်ပုဏ္ဏားကြီးထံတွင် ထားရာနေ, စေရာသွား, ခိုင်းရာကို မညည်းမညူ လုပ်ခဲ့၏။ ယခု သူတိမ်းပါးသွားသော်လည်း ငါ စိမ်းကားရန် မသင့်ပေ၊ သူ့အရိုးကို လည်တွင်ဆွဲ၍ ရင်ဝယ်သိမ်းထားမှ သူ့ကို ချစ်ခင်မြတ်နိုးရာ ရောက်ဘိမည်"

စိတ်ကူးကာ ပုဏ္ဏေးမလေး၏ အရိုးတစ်ချောင်းကို သန့်စင်ကာ လည်တွင် အမြဲဆွဲထားလေသည်။

တတိယပုဏ္ဏားလုလင်မှာမူ ပုဏ္ဏေးမလေးအား ရင်နှင့်အမျှ ချစ်ခင်စွဲလမ်းမြတ်နိုးသူဖြစ်သည်။ ပုဏ္ဏေးမလေး သေဆုံးသွားသော်လည်း အလောင်းပြာပုံကို တစ်နေ့သုံးကြိမ် သွားရောက်ကြည့်ရှုကာ မေ့မရသော ကြေကွဲရိပ်နှင့် ချစ်ရမွှက်ကို ဖြေဖျောက်နေလေ၏။

တစ်နေ့သောအခါ မိဘရပ်ထံ ပြန်မည်ဆိုပြီး ထွက်သွားကာ ခြေဦးတည့်ရာ လျှောက်သွားနေသော ပုဏ္ဏားလုလင်သည် အတတ်မျိုးစုံတတ်အောင် သင်ကြားပေးသည့်ပုဏ္ဏားတစ်ဦးထံ ရောက်သွားလေသည်။

ဟိန်းတောက်ထွန်း စာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် ဆရာပုဏ္ဏားသည် မြစ်ဆိပ်သို့ ရေချိုးသွားနေစဉ် ဆရာ၏ဇနီး ပုဏ္ဏေးမသည် ထမင်းဟင်းချက်ပြုတ်နေရင်း ကလေးငယ်၏ ခေါင်း၊ လက်၊ ခြေနှစ်ဖက်တို့ကို တစ်ခုစီ ဆွဲဖြုတ်လိုက်ပြီး အခန်းထောင့်တစ်နေရာ၌ စုပုံထားကာ ပြုဖွယ်ကိစ္စတို့ကို လွတ်လွတ်လပ်လပ် ဆက်လက်လုပ်ကိုင်လေသည်။

ထိုသို့ ပြုလုပ်သည်ကို ပုဏ္ဏားလုလင် မြင်နေရသဖြင့် ထိတ်လန့်တုန်လှုပ်သွားလေသည်။

ထမင်းစားချိန်ရောက်သောအခါ ကြောက်ရွံ့၍ မစားဘဲ ငြင်းဆန်လေတော့၏။

ထိုအခါ ပုဏ္ဏေးမလည်း မိမိအပြုအမူအတွက် ကြောက်ရွံ့တုန်လှုပ်လျက်ရှိသည်ကို သိသွားသဖြင့် အခန်းတွင်းမှ မန္တန်ပုရပိုက်ကို ယူလာပြီး ပုရပိုက်မှ မန္တန်ကိုကြည့်၍ သားငယ်၏ ခေါင်း၊ လက်၊ ခြေနှစ်ဖက်တို့ကို သူ့နေရာနှင့်သူထားပြီး ရွတ်ဆိုကာ ရေဖျန်းလိုက်လေ၏။

တစ်ခဏချင်းပင် ကိုယ်၊ လက်၊ ခြေ၊ ခေါင်းအင်္ဂါတို့ဆက်သွားပြီး ကလေးငယ်မှာ အသက်ဝင်ကာ နဂိုအတိုင်းပင်ဖြစ်သွားလေတော့၏။

ထိုသောအခါ ပုဏ္ဏားလုလင်သည် အလွန်သဘောကျ



www.burmeseclassic.com

www.burmeseclassic.com



သွားလေသည်။ တစ်ချိန်က သူချစ်ခဲ့ရသော ပုဏ္ဏေးမလေးအား သတိတရ ရှိသွား၏။

ဤပုရပိုက်မှ မန္တန်ဖြင့် ချစ်သူပုဏ္ဏေးမလေး အသက် ပြန်ရှင်ရေးအတွက် ထိုပုရပိုက်ကို ယနေ့ညမှာပင် အရခိုးယူရ မည်ဟုလည်း ဆုံးဖြတ်လိုက်သည်။

ညအချိန်ရောက်သောအခါ ပုဏ္ဏားလုလင်သည် ပုရပိုက် ကို ခိုးယူ၍ ပုဏ္ဏေးမလေးကို သင်္ဂြိုဟ်သောသင်္ချိုင်းသို့ လာခဲ့ သည်။

BURMESE CLASSIC

လမ်းခရီးတွင် ဒုတိယပုဏ္ဏားလုလင်ကို တွေ့လေလျှင် အကျိုးအကြောင်း ပြောပြပြီး လည်တွင် ဆွဲထားသော အရိုးကို တောင်းယူကာ နေရာတကျထား၍ ပုရပိုက်အတွင်းမှ မန္တန်ကို ကြည့်ရွတ်ဆိုပြီး ပထမအကြိမ် ရေဖျန်းလိုက်ရာ အရိုးများ ဆက်သွားလေသည်။

ထို့နောက် တတိယပုဏ္ဏားလုလင်လည်း ရောက်လာ လေသည်။ ဒုတိယအကြိမ် ရေပက်ဖျန်းလိုက်ပြန်ရာ အသွေး အသားတို့ မူလပကတိအတိုင်း ဖြစ်လာလေသည်။

တတိယအကြိမ် ရေဖျန်းလိုက်ပြန်သည်။ ထိုအခါ ပုဏ္ဏေးမလေးသည် အဝတ်တန်ဆာတို့နှင့်တကွ အသက်ရှင်၍



www.burmeseclassic.com

www.burmeseclassic.com



မူလနဂိုအတိုင်း ထလာလေတော့၏။

ပုဏ္ဏားလုလင်သုံးဦးလည်း ဝမ်းသာပီတိဖြစ်လာကြလေသည်။ သို့သော် ပုဏ္ဏားလုလင်သုံးယောက်တွင် မည်သူ့ရထိုက်သည်ဟူသော ပြဿနာသည် ပေါ်လာလေတော့သည်။

ထိုအခါ ပုဏ္ဏားအိုကြီးမှာ သေဆုံးသွားပြီး အရိုးစုသာကျန်တော့သော သမီးလေးသည် ပထမပုဏ္ဏားလုလင် ခိုးယူလာသော ပုရပိုက်မှ မန္တန်တန်ခိုးကြောင့် အိပ်ရာမှ နိုးထလာသကဲ့သို့ ပြန်၍ အသက်ရှင်လာခဲ့ပေသည်။

မန္တန်ပုရပိုက်ကို ခိုးယူလာသော ပထမပုဏ္ဏားလုလင်ကို ပေးရအံ့လော။

အရိုးကို လည်၌ အမြဲဆွဲထားသော လုလင်ကိုပင် ပေးရအံ့လော။

သို့တည်းမဟုတ် ပုဏ္ဏေးမလေး မြေပုံကို နေ့စဉ်ရက်ဆက် တစ်နေ့သုံးကြိမ်ကြည့်၍ ကြေကွဲနေသော လုလင်ကိုလား ဝေခွဲဆုံးဖြတ်၍မရအောင် ဖြစ်လာသဖြင့် ပုဏ္ဏားအိုကြီးမှာ နောက်ဆုံးတွင် ပညာရှိအမတ်ကြီးထံသို့ သွားရောက်ကာ အပ်နှံရန် ဆုံးဖြတ်စေလေတော့သည်။

ထိုအခါ ပညာရှိအမတ်ကြီးသည် ဖြစ်စဉ်အစအဆုံးကို



www.burmeseclassic.com

www.burmeseclassic.com



မေးမြန်းစုံစမ်းပြီးနောက် ...

''ပထမပုဏ္ဏားလုလင်သည် ပုဏ္ဏေးမလေး မရှိတော့သည့် နောက်တွင် စိတ်လေလေနှင့် ခြေဦးတည့်ရာကို ထွက်သွားဘိ၏၊ ထိုသို့သွားရင်းက အရိုးစုမှ အသက်ပြန်ရှင်နိုင်သော ရှေးဟောင်းဂမ္ဘီရအတတ်မန္တန်ပါရှိသည့် ပုရပိုက်ကို ရခဲ့သည်မှ ပုဏ္ဏေးမလေး အသက်ပြန်ရှင်လာရဘိသည် ...၊

သို့သော် ပုဏ္ဏားလုလင်သည် ပုဏ္ဏေးမလေး ပြန်၍ အသက်ရှင်လာရေးအတွက် ရည်ရွယ်၍ထွက်ခွာသွားပြီး အားကြိုးမာန်တက် ကြိုးပမ်းရှာဖွေ၍ ရလာသော မန္တန်ပါ ပုရပိုက်ကိုရခဲ့သည့်တော့ မဟုတ်ပေ၊ ခရီးသွားဟန်လွှဲ အနေအထားဖြင့် မတော်တဆ ရခဲ့ခြင်းသာ ဖြစ်ဘိ၏ ...၊

BURMESE CLASSIC

မိမိအဖို့ ပုဏ္ဏေးမလေးအတွက် မျှော်လင့်ချက်မရှိတော့၍ စွန့်ခွာထွက်သွားသူသာဖြစ်သည်၊ မန္တန်၏အစွမ်းကို မြင်သောအခါမှ ပုဏ္ဏေးမလေးကို သတိရလာခြင်းသာ ဖြစ်ပေသည် ...၊

ဒုတိယပုဏ္ဏားလုလင်မှာ ပုဏ္ဏေးမလေးအား များစွာချစ်ခင်သည်၊ မြတ်နိုးသည်၊ သေဆုံးသွားသောအခါ၌ပင် အရိုးကိုလည်တွင်ဆွဲ၍ တမ်းတမ်းတတ ချစ်ရှာသူဖြစ်ဘိသည်၊ သံယောဇဉ်လည်း ကြီးမားလှဘိ၏ ...၊



www.burmeseclassic.com

www.burmeseclassic.com



တတိယပုဏ္ဏားလုလင်၏ ချစ်ခြင်းမေတ္တာကား ပထမနှင့် ဒုတိယပုဏ္ဏားလုလင်တို့ထက် သာလွန်ဘိသည်ဟု ဆိုရချိမ့်မည်၊ အကြောင်းရင်းမှာ လုလင်သည် မိမိဘဝ၏ရှေ့ရေး တိုးတက်ကြီးပွားမှုကိုပင် မငဲ့ကွက်တော့ဘဲ အလုပ်အကိုင် အပျက်ခံ၍ တစ်နေ့သုံးကြိမ်မျှ ပုဏ္ဏေးမလေး၏အရိုးနှင့် ပြာပုံကို လာရောက်ကြည့်ရှု ကြေကွဲလွမ်းဆွေးမှုကား ချစ်ရမှုက်ကြီးမားလွန်းလှဘိ၏။ လူတိုင်း ပြုနိုင်ခဲသောအမှုကို စွဲလမ်းခုံမင်စွာ ပြုသူ ဖြစ်ပေသည် ...၊

BURMESE CLASSIC

ဒါကြောင့် ... ပုဏ္ဏေးမလေး သေဆုံးပြီးနောက် ပုဏ္ဏေးမလေးအပေါ်မှာ သံယောဇဉ်အရှိဆုံး, အမြတ်နိုး, အတွယ်တာဆုံးဖြစ်သူမှာ တတိယပုဏ္ဏားလုလင်သာ ဖြစ်သည့်အတွက် အသက်ပြန်ရှင်လာသော အသင်ပုဏ္ဏားကြီး၏သမီး ပုဏ္ဏေးမလေးအား ရယူပိုင်ဆိုင်ထိုက်သူမှာ တတိယပုဏ္ဏားလုလင်ပင် ဖြစ်ဘိသည်''

ဆုံးဖြတ်ပေးလိုက်လေသတည်း။

အောင်ခင်စိုး

www.burmeseclassic.com